# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်　　၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ တနင်္လာနေ့　　အတွဲ (၆၃)၊ အမှတ်(၃၁၂)


## ဗြဟ္မာ

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ပေါင်းတည်မြို့နယ်၌ မိုးစပါး ဧက ၇၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး အထွက်နှုန်းကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပေါင်းတည် ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယခုနှစ် စိုက်ပျိုးထားသော မိုးစပါး စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးအတွက် ဌာနဆိုင်ရာများနှင့် တောင်သူများ ပူးပေါင်းကြိုးပမ်းလျက်ရှိရာ လက်ရှိအချိန်တွင် မိုးစပါးစိုက်ခင်းများ အောင်မြင်လျက်ရှိသည်။

ယခုနှစ်တွင် မြို့နယ်အတွင်း စိုက်ပျိုးမြေများ၌ မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးခဲ့ရာ ဇူလိုင်လ နောက်ဆုံးပတ်အတွင်း စုစုပေါင်း မိုးစပါး ၇၃၅၁၄ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❇


ယနေ့ ဖတ် စ ရာ

ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ နှစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်
ပြည်တွင်းသတင်း　စာ ၈

ပညာအသိများ ဖြန့်ဝေပေးသည့် စာကြည့်တိုက်များ
ဆောင်းပါး　စာ ၁၀

ပြင်းထန်အပူပိုင်းမုန်တိုင်း မာရီယာကြောင့် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်
နိုင်ငံတကာသတင်း　စာ ၁၃

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့
ဆောင်းပါး　စာ ၁၆


## မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်

နေပြည်တော် ဩဂုတ် ၁၁

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၃၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ❏

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ၅၉၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၅ ◆

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းရှိ သီလဝါဆိပ်ကမ်းတံတားများနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်း သီလဝါဆိပ်ကမ်းဧရိယာရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကြီးကြပ်စီမံခန့်ခွဲလျက်ရှိသည့် သီလဝါဆိပ်ကမ်းတံတားများနှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနလက်အောက်မှ ဦးစီးဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ဖြည့်ဆည်းပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါဆိပ်ကမ်းဧရိယာရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း-သီလဝါ (Myanmar International Terminal Thilawa- MITT) သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းလွင်က သီလဝါဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ MITT ဆိပ်ကမ်းနှင့် အခြားဆိပ်ကမ်းတံတားကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရေကြောင်းကုန်သွယ်မှုသည် နိုင်ငံ့လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောရိုးမဏ္ဍိုင်ဖြစ်၍ ရေကြောင်းကုန်သွယ်မှုများ လွယ်ကူအဆင်ပြေချောမွေ့စေရန် အစိုးရဌာနအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပံ့ပိုးပေးနေသကဲ့သို့ ဆိပ်ကမ်းအာဏာပိုင်နှင့်အတူ လက်တွဲဝန်ဆောင်မှုပေးနေကြသည့် ပုဂ္ဂလိကဆိပ်ကမ်းတံတားများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါသဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာသုံးသပ်ပြီး အစိုးရ - ပုဂ္ဂလိက အကျိုးမျှတစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ကြရန်မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ MITT ဆိပ်ကမ်းတံတား၏ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်ကိုင်တွယ်နိုင်မှုနှင့် ဆိုက်ကပ်လာသည့် သင်္ဘောများပေါ်မှ ဓာတ်မြေသြဇာများ ချယူနေမှု၊ Wilmar Myanmar ဆိပ်ကမ်းတံတား၌ စားသုံးဆီနှင့် ကောက်ပဲသီးနှံ ကိုင်တွယ်နိုင်မှုနှင့် သင်္ဘောများပေါ်သို့ ပြောင်းဆန်ပို့ကုန်များ တင်ဆောင်နေမှု၊ Thilawa MPA International Terminal (TMIT) ဆိပ်ကမ်းတံတား၏ ကုန်သေတ္တာနှင့် အထွေထွေ ကုန်စည်ကိုင်တွယ်နိုင်မှု၊ ပိတောက်ရွှေဝါကုမ္ပဏီ စက်သုံးဆီဆိပ်ခံတံတား၏ စက်သုံးဆီ ချယူဖြန့်ဖြူးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**လိုအပ်သည်များမှာကြား**

ထို့မှတစ်ဆင့် သန်လျင်မြို့ရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့၊ သင်ကြားရေးဌာနမှူးများ၊ ဆရာဆရာမများနှင့် တွေ့ဆုံကာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော ရေကြောင်းပညာရပ်များ သင်ကြားပို့ချ၊ လေ့ကျင့်ပေးနိုင်ရေး၊ တက္ကသိုလ်သို့ လာရောက် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ နေထိုင်မှု၊ သင်ကြားမှု၊ လေ့ကျင့်မှုတို့တွင် အဆင်ပြေချောမွေ့စေရေး၊ အမျိုးသားရေးစိတ်ဓာတ် ပြည့်ဝသည့် အနာဂတ်မျိုးဆက်သစ်များအဖြစ် ပျိုးထောင်ပေးနိုင်ရေးကို မှာကြားပြီး တက္ကသိုလ်၏ ခေတ်မီစာကြည့်တိုက်၌ စီစဉ်ပေးထားသော e-Library စနစ်၊ စာအုပ်စာတမ်းများ ထိန်းသိမ်းကိုင်တွယ်မှုစနစ်များနှင့် ရေကြောင်းဆိုင်ရာ လေ့ကျင့်ရေး Simulator ခန်း၏ လက်တွေ့လေ့ကျင့်သင်ကြားမှုစနစ်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးတွင် ရန်ကုန်မြို့၌ အခြေစိုက်သော ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ အကြီးအမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဝန်ထမ်းများအားလုံး နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြရေး၊ ရုံးခန်းများ၊ ရုံးအဆောက်အအုံနှင့် ရုံးပတ်ဝန်းကျင်တို့ကို သန့်ရှင်းသပ်ရပ်၊ စနစ်တကျရှိစေရေး၊ မျိုးဆက်သစ်ဝန်ထမ်းငယ်များကိုလည်း ဌာန၏ဘာသာရပ်ဆိုင်ရာ စာတမ်း၊ စာပေများကို ဖတ်ရှု၊ လေ့လာဆည်းပူး မှတ်သား၍ အရည်အချင်း ပိုမိုပြည့်ဝသူများ ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရေး၊ ဌာန၏ လုပ်ငန်းတာဝန်များကို အဖွဲ့စနစ် (Team Work) ဖြင့် ဖြေရှင်းဆောင်ရွက်တတ်စေရေးတို့ကို မှာကြားသည်။

**ခင်မင်ရင်းနှီးစွာနှုတ်ဆက်**

ထို့မှတစ်ဆင့် ဗိုလ်တထောင်မြို့နယ်ရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူများက Integreted Vessel Monitoring and Tracking System ဆိုင်ရာ တင်ပြမှုအပေါ် အခြားဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကျိုးရှိစွာ အသုံးချရေး မှာကြားပြီး ဝန်ထမ်းများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ဆက်လက်၍ ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ရုံးအဆောက်အအုံနှင့် ရုံးခန်းများ၊ ပုဇွန်တောင်ချောင်းကမ်းပါးတွင် ဌာနပိုင် ရေကြောင်းပြရေယာဉ်များနှင့် သောင်တူးသင်္ဘောများ လွှန်းတင်ပြင်ဆင်နိုင်ရေး တိုးချဲ့တည်ဆောက်နေသည့် ဘိုးပိုင်အခြေပြု သံကူကွန်ကရစ်လွှန်းကျင်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အသက် ၂၀ အောက် အမျိုးသား အမျိုးသမီး တံခွန်စိုက်ဘော်လီဘောပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၁**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် မြန်မာဘော်လီဘောလူမှုရေးအသင်း အမှုဆောင်ဖလား အသက် ၂၀ နှစ်အောက် အမျိုးသား အမျိုးသမီးတံခွန်စိုက်ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းကွင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဩဂုတ် ၁၀ ရက်က ကျင်းပသည်။**(အောက်ပုံ)**

ပြိုင်ပွဲတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။ ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီသော မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့၊ ရှမ်းအိုးစည်အဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲ၏ ပထမဆုံးပွဲစဉ်ဖြစ်သည့် Youth Camp (NPT) အသင်းနှင့် မန္တလေးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။



အဆိုပါပြိုင်ပွဲသို့ အမျိုးသား အမျိုးသမီးအသင်းများဖြစ်သည့် AFC(ကပက)၊ အား/ကာသိပ္ပံ (မန္တလေး)၊ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်လူငယ်၊ Youth Camp(NPT)၊ မွန်အသင်းများနှင့် အမျိုးသားအသင်းများဖြစ်သည့် မန္တလေး၊ ရှမ်းလူငယ်၊ သာစည်၊ သယံဇာတလူငယ်၊ အား/ကာသိပ္ပံ(ရန်ကုန်)၊ အား/ကာသိပ္ပံ (တောင်ကြီး)၊ ဒဂုံတက္ကသိုလ်အသင်း၊ စုစုပေါင်း အမျိုးသမီးအသင်း ခုနစ်သင်းနှင့် အမျိုးသားအသင်း ၁၄ သင်းတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြပြီး အမျိုးသားပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် အကောင်းဆုံးအသင်းဆုများ၊ အမျိုးသမီးပြိုင်ပွဲ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် အကောင်းဆုံးဆုများကို ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

◆ *ရှေ့ဖုံးမှ*

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၉၄၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၁** ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးအောင်ကို၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်မောင်စိုးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ Thatluang သံဃနာယကတိပိဋက ကျောင်းတိုက်၌ ကျင်းပသော နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆက်ကပ်လှူဒါန်းသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာလာအိုနိုင်ငံသံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး Most Ven Maha Bounma Simmaphomနှင့် ကြွရောက်လာကြသည့် သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဆုတောင်း မေတ္တာပို့သကြပြီး ပြည်ထောင်စု ဝန်ကြီးက လှူဒါန်းရသော ရည်ရွယ်ချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံသည် ဗုဒ္ဓဘာသာ နိုင်ငံများဖြစ်သည့် အပြင် ရိုးရာယဉ်ကျေးမှု သမိုင်းကြောင်း နောက်ခံများလည်း တူညီသည့်အတွက် လာအိုနိုင်ငံ ဘုန်းတော်ကြီးကျောင်းများနှင့် သာသနာ့ တက္ကသိုလ်များတွင် အသုံးပြုရန်အတွက် ရည်ရွယ် လှူဒါန်းရခြင်း ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းရခြင်းသည် ထေရဝါဒဗုဒ္ဓသာသနာ အစွန့်ရှည် တည်တံ့ခိုင်မြဲ စေရန်အတွက် လည်းကောင်း၊ နှစ်နိုင်ငံကဏ္ဍာ ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တည်တံ့ခိုင်မြဲ စေရန်ဖြစ်ပါကြောင်း တင်ပြ လျှောက်ထားသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး၊ သံအမတ်ကြီး၊ လာအို နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး (ကြည်း၊ရေ၊လေ)နှင့် ကိုယ်စား လှယ်အဖွဲ့ဝင်များသည် ဆဋ္ဌ သင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ၊ လှူဖွယ် သင်္ကန်းများအား ဆက်ကပ် လှူဒါန်းခဲ့ကြပြီး လာအိုနိုင်ငံ



သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ကြွရောက် လာကြသည့် ဆရာတော်ကြီး များက မေတ္တာပို့သာခုအနုမော ဒနာ တရားမြွက်ကြားခဲ့ကြ သည်။ **(အပေါ်ပုံ)**

**လှည့်လည်ဖူးမြော်**

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့ Thatluang သံဃနာယကတိပိဋက ကျောင်း တိုက်တွင် နိုင်ငံတော် အကြီးအကဲ များ လှူဒါန်းထားသည့် ဗုဒ္ဓ ဆင်းတုတော်များနှင့် သာသနိက အဆောက်အဦများကို လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ အခမ်းအနားသို့ လာအိုအမျိုးသား ဖွံ့ဖြိုးရေးတပ်ဦး မှ ဒုတိယဥက္ကဋ္ဌ Mr. Dr.Chanpheng Sudthivong ၊ လာအိုနိုင်ငံ သတင်းအချက် အလက်၊ ယဉ်ကျေးမှုနှင့် ခရီးသွား လုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး Mr. Phosy Keomanivong နှင့်ဖိတ်ကြားထားသော ဧည့်သည် တော်များ တက်ရောက်ကြသည်။

ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာကြရာ လာအိုနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက လာအို အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

* *ရွှေဖုံးမှ*

မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ၏ ညွှန်ကြားမှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မျိုးမင်း ဦးဆောင်သည့် စိုက်ပျိုးရေး ကြီးကြပ်မှုဝန်ထမ်းများကလည်း တောင်သူများအား ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲနည်းများ၊ မြေဆီဩဇာဖွံ့ဖြိုးတိုး တက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ သဘာဝမြေဩဇာကို အချိုးကျ ထည့်သွင်းအသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်သက်သာကာ စပါးအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေကြောင်းနှင့် ဒေသအတွင်း စိုက်ပျိုးခင်းများ၌ ကျရောက်တတ်သည့် ရွှေခရုအန္တရာယ် ရှင်းလင်းသုတ်သင်နည်းလမ်းများ၊ ရိတ်သိမ်းရာတွင် အလေအလွင့် မရှိစေရေးတို့ကို အသိပညာပေး ဆွေးနွေးဟောပြောမှုများ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရွှေသား (ပြန်/ဆက် )**

* *ရွှေဖုံးမှ*

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၅ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်း အနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင် ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မိုးညိုမြို့နယ်၌ အဖြူရောင်မေတ္တာပရဟိတအသင်းမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**မိုးညို ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများစားသောက်ရေးအဆင်ပြေစေ ရန်အတွက် ဒေါပုံမြို့နယ် အဖြူရောင်မေတ္တာပရဟိတ အသင်းသား အသင်းသူများက နေအိမ်များသို့ သွားရောက်၍ ယမန်နေ့က ထောက်ပံ့ လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါ ထောက်ပံ့လှူဒါန်းရာတွင် ဒေါပုံမြို့နယ် အဖြူရောင်မေတ္တာ ပရဟိတအသင်းမှ မိုးညိုမြို့နယ် ထန်းပင်ကုန်းကျေးရွာအုပ်စုအတွင်း ရှိ ထန်းပင်ကုန်းကျေးရွာ၊ ဥဩတန်းကျေးရွာနှင့် ပေတန်းကျေးရွာတို့ရှိ ရေဘေးသင့်အိမ်ထောင်စု ၂၅၀ အတွက် အိမ်ထောင်တစ်စုလျှင် ဆန် တစ်ပြည်၊ ဆီ ၁၀ သား၊ ကြက်သွန်နီ ၄၀ သား၊ ဆား ၂၀ သား၊ အချိုမှုန့် တစ်ထုပ်၊ ခေါက်ဆွဲခြောက် တစ်ထုပ်၊ ငါးသေတ္တာ တစ်ဘူးနှင့် ရေသန့် ၁လီတာ သုံးဘူးတို့ကို နေအိမ်များအရောက် ထောက်ပံ့လှူဒါန်းခဲ့ရာ မိုးညိုမြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလူမှုကူညီရေးအသင်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**

## သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်

**ကျောက်တံခါး ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းများသို့ တစ်ဧက လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် သွင်းအားစု ဓာတ်မြေဩဇာများ ဖြန့်ဖြူး ပေးအပ်လျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာ ကွင်းမြောက်ရပ်ကွက်၊ ကန်သာယာ စိုက်ပျိုးရေးနှင့် မွေးမြူရေးသမဝါယမအသင်းမှ အသင်းသား ၁၇ ဦး၏ လယ်ယာမြေ ၁၂၃ ဧကအတွက် တန်ဖိုးငွေကျပ် ၂၄ ဒသမ ၆ သန်း၊ ညောင်ပင်သာကျေးရွာ၊ ရွှေညောင်ပင် စိုက်ပျိုးရေးနှင့် အထွေအထွေ သမဝါယမအသင်းမှ အသင်းသား ၅၄ ဦး၏ လယ်ယာမြေဧက ၃၆၀အတွက် တန်ဖိုးငွေကျပ် ၇၂သန်း၊ လက်ပံခင်းကျေးရွာ လက်ပံခင်း စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၂၀ ၏ လယ်ယာမြေ ဧက ၁၉၀အတွက် တန်ဖိုးငွေကျပ် ၃၈ သန်း၊ မင်းတန်း ကျေးရွာ မင်းတန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၇၅ ဦး၏ လယ်ယာမြေ ဧက ၅၁၀အတွက် တန်ဖိုးငွေကျပ် ၁၀၂ သန်း၊ ခင်ကြီးကျေးရွာ ခင်ကြီးရှမ်းစုစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ အသင်းသား ၃၆ဦး၏ လယ်ယာမြေ ၁၉၄ ဧက အတွက် တန်ဖိုးငွေကျပ် ၃၈ ဒသမ ၈ သန်း၊ ဗျိုင်းကွင်းကျေးရွာ ရွှေဗျိုင်း စိုက်ပျိုးရေးအထွေအထွေသမဝါယမအသင်းမှ အသင်းသား ၂၅ ဦး၏ လယ်ယာမြေ ၂၂၃ ဧက အတွက် တန်ဖိုးငွေကျပ် ၄၄ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား ၂၂၇ ဦး၏ စိုက်ဧက ၁၆၀၀အတွက် တန်ဖိုး ငွေကျပ်သန်း ၃၂၀နှင့်ညီမျှသော သွင်းအားစုများကို မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အသင်းသားများ လက်ဝယ် အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရ မည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုကုန်ကြမ်းသီးနှံ ဝါဝယ်ယူရရှိရေး မြေပြင်ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် စပယ်ကျေးရွာအုပ်စု ပဲ့ကိုင်ရွာ တောင်ကွင်း၌ စိုက်ပျိုးဖြစ်ထွန်းနေသည့် တောင်သူ ဦးတင်ကို၏ ဘီ-၃၁ စပ်မျိုးဝါများ စိုက်ပျိုးထားရှိမှု၊ ဝါများခူးဆွတ်နေမှုနှင့် ထွက်ရှိမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



**အဆင့်အလိုက်ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ဝါများကို ဝယ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထို့ပြင် ဝါများကို ကြိတ်ခွဲနိုင်ရေးအတွက် ဝါကြိတ်စက်များကိုလည်း အဆင်သင့်လည်ပတ်ကြိတ်ခွဲနိုင်ရန် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဝါဂွမ်းများမှတစ်ဆင့် ချည်မျှင်ထုတ်လုပ်ခြင်း၊ ပိတ်များရက်လုပ်ခြင်း၊ အဝတ်အထည်ထုတ်လုပ်ခြင်း လုပ်ငန်းများကို အဆင့်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ဈေးကွက်ခိုင်မာမှုရှိသည့် ဝါများကို စိုက်ဧကများ တိုးချဲ့၍ စိုက်ပျိုးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့ရှိ အောင်ကမ္ဘာဝါအဝယ်ဒိုင်သို့ ရောက်ရှိပြီး ဝါဈေးကွက် အခြေအနေ၊ ဝယ်ယူရရှိမှု၊ ယခုနှစ်တွင်ထွက်ရှိမည့် ဝါအရည်အသွေး အခြေအနေတို့ကို မေးမြန်း၍ ဝါအဝယ်ဒိုင်အတွင်း ဝါများသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ရမည်းသင်းခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စက်မှုလုပ်ငန်းများ၊ MSME များ၏ ပကတိအခြေအနေမှန်များကို သိရှိနိုင်ရေးအတွက် လုပ်ငန်းခွင်အရောက် ကွင်းဆင်းစစ်ဆေးရန်နှင့် လုပ်ငန်းများနှင့်ပတ်သက်၍ အတွင်းကျကျသိရှိအောင် ဆောင်ရွက်ရန်၊ ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများကိုပါ ရရှိနိုင်၍ အလေးအနက်ထား ဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး**

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ TBL Limited ၏ ဝါမျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနပြုစမ်းသပ်စိုက်ပျိုးထားသည့် ဝါစိုက်ကွင်းသို့ ရောက်ရှိစစ်ဆေးပြီး စက်မှုဝန်ကြီးဌာနရှိ ချည်မျှင်စက်ရုံများတွင် ၁/၄၀ ချည်များ ထုတ်လုပ်ရန်အတွက်သာ ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ထားပြီးဖြစ်သော်လည်း ယခုအခါ ၂/၈၀ ချည်များကိုလည်း ဈေးကွက်လိုအပ်ချက်များနှင့်အညီ ထုတ်လုပ်လျက်ရှိကြောင်း၊ ၂/၈၀ ချည်များ ထုတ်လုပ်ရန်အတွက် ဝါဂွမ်းများရှိ အမျှင်အရှည်များသည် သတ်မှတ်ထားသည့် အတိုင်းအတာများ ရှိရမည်ဖြစ်ကြောင်း၊ ယခုသုတေသနပြုလုပ်ပြီး ထုတ်လုပ်ထားသည့် ဝါမျိုးစေ့များဖြင့် စိုက်ပျိုး၍ ထွက်ရှိလာသည့် အမျှင်ရှည်သော ချည်မျှင်ရှည်ဝါများသည် ၁/၄၀ နှင့် ၂/၈၀ ချည်များကို ထုတ်လုပ်နိုင်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ကြရန်နှင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားကာ TBL-KTK -1 ဝါမျိုးစေ့များဖြင့် စမ်းသပ်စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်အားပေး ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ ပျဉ်းမနားခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ခရိုင်ဦးစီးဌာနမှူးက ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကစက်မှုမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့မှု၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်နေမှုနှင့် MSME အဖွဲ့ဝင်ကတ်များ ထုတ်ပေးခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီနှင့် ပဲခူးတိုင်းဒေသကြီးများအတွင်း ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကမ်းပြိုကမ်းစားခြင်းကြောင့် တာတမံများ ရေတိုက်စားခြင်းကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၁**

ရောဝတီနှင့် ပဲခူးတိုင်းဒေသကြီးများအတွင်း ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကမ်းပြိုကမ်းစားခြင်းကြောင့် တာတမံများရေတိုက်စားခြင်းကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ပြုလုပ်သည်။ **(ယာပုံ)**



**တက်ရောက်ဆွေးနွေး**

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဦးဇစ်တာ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ဌာနခွဲအသီးသီးမှ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခုနှစ် ဇူလိုင်လဆန်းမှစ၍ ရောဝတီမြစ်ရေ မြင့်တက်ခြင်း၊ ဒေသတွင်းနေရာအနှံ့ မိုးများစွာ ရွာသွန်းခဲ့ခြင်းကြောင့် မြို့များ၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ ရေဘေးကာကွယ်ရေးတာများတွင် ရေကင်းများ ချထားမှုနှင့် အရေးပေါ်ထိန်းသိမ်းပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ခြင်း၊ တာတမံများ ကျိုးပေါက်မှုမဖြစ်ပေါ်စေရန် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် လာမည့်မိုးလယ်၊ မိုးနှောင်းနှင့် မိုးလွန်ကာလများတွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရောဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ရွာအနီး ဖြစ်ပေါ်နေသည့် ကမ်းပြိုကမ်းစားမှုဖြစ်စဉ်များ၊ ရေဘေးကာကွယ်ရေးအတွက် ဖြတ်တာများ နှစ်အလိုက် ပြောင်းလဲ ဆောင်ရွက်ခဲ့ရမှုများ၊ ကမ်းပြိုကမ်းစားမှု လျော့နည်းသက်သာစေရေး ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ယခုနှစ် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများအပေါ် အရေးပေါ်ဆောင်ရွက်ခဲ့ရသော လုပ်ငန်းများနှင့် ပြန်လည်ပြင်ဆင်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဦးဇစ်တာက ရောဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခဲ့မှုများနှင့် မှတ်တမ်းများ၊ လက်ရှိဆောင်ရွက်မှု အခြေအနေများ၊ ရေဘေးကာကွယ်ရေးတာများ မြင့်တင်ခြင်း၏ အကျိုးဆက်များ၊ ရေဘေးကာကွယ်ရေးတာများ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုအကြံပြုရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရောဝတီမြစ်ကြောင်း ပြောင်းလဲစီးဆင်းမှုကြောင့် မြစ်ကမ်းပါးရေတိုက်စားမှုအား လျှော့ချနိုင်ရေးအတွက် ဆက်စပ်သည့် ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်မှုအနည်းဆုံးဖြင့် ရေရှည်အကျိုးရှိစေနိုင်ရေး ဆောင်ရွက်သင့်သည့် နည်းလမ်းနှင့် လုပ်ငန်းများ၊ ပွင့်လင်းရာသီတွင် တာတမံများ တောင့်တင်းခိုင်မာအောင် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

**အထူးအလေးထားဆောင်ရွက်**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် ရေဘေးကာကွယ်ရေး တာတမံများ ပျက်စီးကျိုးပေါက်၍ မြို့ရွာများနှင့် စိုက်ပျိုးမြေများ ရေကြီးရေလျှံမှု အန္တရာယ်မဖြစ်စေရန် နှစ်စဉ်မိုးရာသီမတိုင်မီ လိုအပ်သော ဖြတ်တာများ၊ ပန်းတာများကို အချိန်မီ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး တာတမံများ ကြံ့ခိုင်မှုရှိစေမည့် လုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ရောဝတီမြစ်ကမ်းပါးရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းများကိုလည်း ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

**ဒဂုံအရှေ့ ဩဂုတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အနာဂတ် ကျောင်းသားလူငယ်များအတွင်း သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းတတ်စေရန်၊ သစ်တောထွက် သယံဇာတပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်စေရန် ရည်ရွယ်၍ သစ်တောသစ်ပင်များ စိုက်ပျိုးပြုစု ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာများကို အသိပညာပေး ဟောပြောသည်။

အဆိုပါအခမ်းအနားသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ အင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို သစ်တောဦးစီးဌာနက အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အေးမဉ္ဇူ(ပြန်/ဆက်)**

# ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ကယားပြည်နယ်၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအားပေး၊ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေး

လွိုင်ကော် သြဂုတ် ၁၁

**ကယားပြည်နယ်အတွင်း ပြန်လည်တာဝန်ထမ်းဆောင်နေကြသည့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်နယ်ကုသရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ခုတင် (၅၀၀) ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဆေးရုံကြီးအထောက်အကူပြုအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။**

**လိုအပ်သည်များပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိ**


ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အကြမ်းဖက် သောင်းကျန်းသူများ၏ အဖျက်အမှောင့် ဆောင်ရွက်ခြင်းကြောင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးအား ယာယီပိတ်ထားခဲ့ရာမှ ပြည်နယ်အစိုးရအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုအခါ ထိုက်သင့်သည့် ကျန်းမာရေးကုသမှုလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများက တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နေသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်နယ်အတွင်း ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူလူထုအားကိုးယုံကြည်ရသော ဆေးရုံကြီးဖြစ်စေရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးဝန်ထမ်းများကို လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပြီး အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးမှူး၊ ဆေးရုံအုပ်ကြီး ဒေါက်တာစည်သူက ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီးတို့၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာများပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြပြီး ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွင်း တက်ရောက်ကုသနေသည့် လူနာများအား သွားရောက်ကြည့်ရှုအားပေး၍ လူနာတစ်ဦးချင်း၏ ရောဂါအခြေအနေများကို မေးမြန်းကာ ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)**



**ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုကြည့်ရှု**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အထွေထွေရောဂါကု ပြင်ပလူနာဌာနသို့သွားရောက်၍ ဆေးကုသမှုခံယူရန် ရောက်ရှိနေသည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ၊ သွားနှင့်ခံတွင်း ကုသဆောင်များတွင် လူနာများကို ဆေးဝါးကုသပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ ဆေးရုံကြီးအတွင်းရှိ ကလေးရောဂါ ကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ ဓာတ်မှန်ခန်းများ၊ ဓာတ်ခွဲခန်းများအဆောင်၊ ကျောက်ကပ်သန့်စင်ခန်း၊ ဆေးသိုလှောင်ရေးဌာနများသို့ သွားရောက်၍ ဆေးကုသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံကြီး အောက်စီဂျင်စက်ရုံသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး စက်များ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ အမြန်ဆုံးပြန်လည်လည်ပတ်သုံးစွဲနိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် သြဂုတ် ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံလယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သာယာကုန်းကျေးရွာ အုပ်စု တောင်သူ ဦးဖြိုးအောင် ၏ ဆီထွက်သီးနှံ မိုးမြေပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ဆက်လက်၍ ဒေသခံမိုးမြေပဲစိုက်တောင်သူများနှင့် တွေ့ဆုံကာ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ဌာန၊ တောင်သူနှင့် ပုဂ္ဂလိကတို့ ဟန်ချက်ညီ ပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး တောင်သူများကို ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်ရှိ မွေးမြူရေးတောင်သူ ဦးတွမ်ခင်ဝင်း (Fun Hwa Co.,Ltd) ၏ နို့စားနွား မွေးမြူရေးခြံ၌ ဒေသနွားနှင့် နို့စားနွားကောင်ရေ ၂၀၀ ခန့် မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးနေမှုကို ကြည့်ရှုအားပေးသည်။

**လိုအပ်ချက်များကိုဆွေးနွေး**


အလားတူ ကံကြီးမွေးမြူရေးဇုန်ရှိ Win Family Co.,Ltd ၏ အသားတိုးနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် ကံကြီးမွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက် ရှိကြသည့် မွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အသားကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရေး၊ ဇုန်အတွင်း သတ်မှတ်ကောင်ရေပြည့်မီအောင် မွေးမြူနိုင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး အလေးထား ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် ရွှေမြို့ အထူးမွေးမြူရေးဇုန်ရှိ မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း (ရွှေမြို့) သို့ သွားရောက်ပြီး ဒေသနွားမများကို နို့စားနွားမျိုးအဖြစ် မျိုးမြင့်သားစပ်၍ သားပေါက်နှုန်းနှင့် ကြီးထွားနှုန်း သုတေသနပြုခြင်း၊ ဒေသနှင့်ကိုက်ညီသည့် ထုတ်လုပ်မှု ကောင်းမွန်သော ဒေသအသားစား/ ဥစားကြက်မျိုး ရရှိရေး မျိုးမြှင့်သားစပ်ခြင်း သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ သုတေသန တွေ့ရှိချက်များကို လက်တွေ့အသုံးချနည်းပညာအဖြစ် မွေးမြူသူတောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးဝေရန်ဆွေးနွေးမှာကြားသည်။

ယင်းနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရွှေမြို့) ဘဲဥဖောက်စက်နှင့် မျိုးဘဲဥသိုလှောင်ခန်းများကိုလည်းကောင်း၊ ဒေသနွားမျိုးထိမ်း မျိုးပွါးခြံနှင့် ဘဲမွေးမြူရေးခြံကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတနော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့



**ပန်းတနော် သြဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် အရန်မီးသတ်တပ်ဖွဲ့ (ပုလဲ) မှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ရန်အတွက် ပန်းတနော်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက ရေဘေးသင့်ကျေးရွာများသို့ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ဓါတ်ပုံ)**

ထိုသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် အရန်မီးသတ်တပ်ဖွဲ့ (ပုလဲ) တပ်ခွဲမှူး ဦးထင်လင်းအောင် ဦးဆောင်သော အရန်မီးသတ်တပ်ဖွဲ့ ၂၄ ဦးနှင့် ပန်းတနော်မြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးဆောင်သော သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့မှ ခရေကန်ကျေးရွာနှင့် ဘုရားစုကျေးရွာရှိ ရေဘေးသင့်ပြည်သူများ အိမ်ထောင်စု ၅၆ စု၊ လူဦးရေ အမျိုးသား ၉၅ ဦး၊ အမျိုးသမီး ၁၁၅ ဦး စုစုပေါင်း ၂၅၀ တို့ကို အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်၊ ခေါက်ဆွဲချောင်း ခြောက်ထုပ်၊ ဆီ ၂၅ ကျပ်သား၊ အဝတ်အထည် နှစ်ထည်နှင့် ရေသန့်ဘူးများ စသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့ဝင်များသည် မိုးကုတ်ကျေးရွာအုပ်စု ကျုံကဒူးကျေးရွာရှိ ရေဘေးသင့်ပြည်သူများ အိမ်ထောင်စု ၈၀၊ လူဦးရေ အမျိုးသား ၁၂၀၊ အမျိုးသမီး ၂၀၀ စုစုပေါင်း ၃၂၀ တို့ကို အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်၊ ဆီ ၂၅ ကျပ်သား စသည့် စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မှုတမူမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သာယာဝတီခရိုင်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါး စိုက်ကေများအနက် ပြန်ပေါ်သည့်လယ်မြေများတွင် မိုးစပါးပြန်လည်စိုက်ပျိုးနေမှုနှင့် လမ်း၊ တံတားပျက်စီးမှုတို့အား ကွင်းဆင်းကြည့်ရှုပံ့ပိုးဆောင်ရွက်ပေး

**သာယာဝတီ ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ကေများအနက် ပြန်ပေါ်သည့် လယ်မြေများတွင် မိုးစပါးပြန်လည်စိုက်ပျိုးနေမှုနှင့် လမ်း/တံတားပျက်စီးမှုတို့ကို ကွင်းဆင်းကြည့်ရှု ပံ့ပိုးဆောင်ရွက်ပေးသည်။





**အားပေးစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စုနှင့် ကျွဲသတ်ကြီးကျေးရွာအုပ်စုရှိတို့၌ ရေကြီးနစ်မြုပ်ခဲ့၍ ထိခိုက်ခဲ့သည့် မိုးစပါး စိုက်ကေများကို သက်တမ်းတူ၊ မျိုးတူစပါးမျိုးမှသားတက်ပွားယူ၍ ကောက်စိုက်လုံမေများဖြင့် စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မြစ်ရေမြင့်တက်နိုင်ပြီး မိုးသည်းထန်စွာရွာသွန်းမည့် သတင်းထုတ်ပြန်ချက်များအပေါ် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအတွင်းရှိ မိုးစပါးစိုက်ကေများ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ကုစားပေးနိုင်ရေးအတွက် ကြိုတင်ပျိုးထောင်ခြင်းလုပ်ငန်းများ ပြင်ဆင်ထားရှိခြင်း၊ မျိုးစပါးများကြိုတင်စုဆောင်းခြင်းများကို ဆောင်ရွက်ထားရှိပြီး၍ ဒေသခံတောင်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ မဖြစ်ပေါ်စေရေး အားပေးစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကျွဲသတ်ကျေးရွာအုပ်စုအတွင်း ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများအတွက် မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

**ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကိုကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေမြင့်တက်ခဲ့မှုတို့ကြောင့် အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်းပေါ်သို့ ရေကျော်ခဲ့သည့် လမ်းမိုင်(၄/၀) မှ (၄/၂) အကြား၊ (၅/၂)မှ (၅/၆) အကြား ရေစားကျောက်ဖြစ်ပေါ်ခဲ့မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်းပခုံးသားအဖြစ် ဂဝံကျောက်များ ထည့်သွင်းသွားရန်နှင့် လမ်းပခုံးမြေသား လျှော့ချသည့်နေရာများအတွင်း ယာဉ်အန္တရာယ်/လမ်းအန္တရာယ်ကင်းရှင်းစေရေး သတိပေးအမှတ်အသားများ ထားရှိသွားရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်းပေါ်ရှိ တံတားအမှတ် (၁/၆)၊ (၂/၇) နှင့် (၃/၇) တို့၏ တံတားချဉ်းကပ်ခုံများသည် ရောဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေမြင့်တက်ခဲ့မှုတို့ကြောင့် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြစ်ရေပြန်လည်ကျဆင်းသွားပါက တံတားများ၏ ကြံ့ခိုင်မှုကို စနစ်တကျ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**သံဘေလီတံတားအမြန်ဆုံးတပ်ဆင်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်းပေါ်ရှိ တံတား အမှတ်(၁/၇)သည် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြစ်မခမြစ်ရေ မြင့်တက်ခဲ့မှုတို့ကြောင့် ဇူလိုင် ၂၆ ရက် ညနေပိုင်းက ပြိုကျပျက်စီးခဲ့သည့် နေရာသို့ သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်းသည် စိုက်ပျိုးရေးနှင့်မွေးမြူရေး၏ အဓိကကုန်ထုတ်လမ်းကြောင်းဖြစ်ခြင်းကြောင့် သံဘေလီတံတားအမြန်ဆုံး တပ်ဆင်ပေးနိုင်ရေးဆောင်ရွက်နေပြီး ဘေလီတံတားတပ်ဆင်နေစဉ်ကာလတွင် ကတို့ဆိပ်ကို ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး စီမံဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

**သွင်းအားစုများထောက်ပံ့ပေးအပ်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာအုပ်စုနှင့် မင်းလှမြို့နယ် သရက်တပင်ကျေးရွာအုပ်စုတို့ရှိ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကြိုတင်ဆောင်ရွက်ထားသော အရံပျိုးခင်းများမှ ပျိုးပင်များဖြင့် မိုးစပါးပြန်လည် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ တစ်နှစ်သုံးသီးစိုက်နေရာများတွင် စိုက်ပျိုးရာသီချိန်မီစေရေးအတွက် သက်တမ်းတိုပြီး ပျိုးသက်ရင့်သည့် ပျိုးပင်များစိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဒေသခံတောင်သူများအတွက် မျိုးစပါးနှင့် ဓာတ်မြေဩဇာသွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေကြီးနစ်မြုပ်သည့် မိုးစပါးစိုက်ကေများအတွက် မြစ်ရေမြင့်တက်စဉ်ကာလတွင် ပျိုးဗန်းများဖြင့် ကြိုတင်ပျိုးထောင်ထားသည့် စပါးပျိုးခင်းများကို လှည့်လည်ကြည့်ရှုပြီး ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးကေများအတွက် ပြည့်စုံစွာပျိုးထောင်နိုင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် **“၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ”** ကို ဩဂုတ် ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို **(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**သာယာဝတီ ဩဂုတ် ၁၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မုဒုံမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ကျိုက်လတ်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ဖျာပုံမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ချောင်းဆုံမြို့တွင် ၀ ဒသမ ၇၉ လက်မနှင့် ရှမ်းရွာသစ်မြို့တွင် ၀ ဒသမ ၇၅ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေဘေးအန္တရာယ်ရှိသည့်နေရာများမှ ပဲခူးမြို့ရှိ ပုညကာရီဆုတောင်းပြည့်စာသင်တိုက်သို့ ယာယီရွှေ့ပြောင်းနေထိုင်နေသည့် ရေဘေးသင့်ပြည်သူများအား ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးကာ ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့နယ် မုန်တိုင်ကျေးရွာအုပ်စု သနပ်ပင်မြို့နှင့် ကဝမြို့နယ်တို့ရှိ မိုးစပါးရေကြီး နစ်မြုပ်တောင်သူများအား သီးခြားစီသွားရောက်တွေ့ဆုံရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မိုးစပါး ရေကြီးနစ်မြုပ်မှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တိုင်းမှူးတို့က မိုးစပါးရေကြီးနစ်မြုပ် တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ အသီးသီး ထောက်ပံ့ပေးအပ်ပြီး မိုးစပါးပြန်လည်စိုက်ပျိုးမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူနှစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

**ရန်ကုန် ဩဂုတ် ၁၁**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ရီရတ်ဒ်မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသီတာအောင်နှင့် မခင်မြတ်နိုးဝင်းတို့အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံရှိ ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ အလုပ်သမားရေးရာနှင့် စပ်လျဉ်းသည့် ဌာနများသို့ ယူအေအီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံဘက်မှ ပို့ဆောင်သူများ၊ ဒူဘိုင်းဘက်မှ အေဂျင်စီများထံ ဆက်သွယ်၍ ကာယကံရှင်များ နေရပ်သို့ ပြန်လည်ထွက်ခွာနိုင်ရေး ဆောင်ရွက်ပေးရန် ညှိနှိုင်းပေးခြင်းနှင့် နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသူများအတွက် သက်သေခံလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူနှစ်ဦးမှ မသီတာအောင်သည် ဩဂုတ် ၉ ရက်တွင် ဒူဘိုင်း-ရန်ကုန်ခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး မခင်မြတ်နိုးဝင်းသည် ဩဂုတ် ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း - ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ယနေ့ည ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ညီမ်းသူ(သတင်းစဉ်)**



မခင်မြတ်နိုးဝင်း

## ကျောက်ဆည်ခရိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၁**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်က ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်း၊ ခရိုင်ဥပဒေအရာရှိ ဦးအောင်စိုးလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်ဦး၊ ခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအမှတ်ပေး ဒိုင်ချုပ် ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင် ဒုတိယအဆင့် အမျိုးသား/ အမျိုးသမီး ခေတ်ဟောင်း ကာလပေါ် အဆိုပြိုင်ပွဲ၊ အခြေခံပညာအဆင့် (၁၀-၁၅)နှစ် အမျိုးသား/ အမျိုးသမီး အဆို/အတီး ပြိုင်ပွဲ၊ (၁၅-၂၀)နှစ် တစ်ပင်တိုင်အက၊ ကျေးလက်ယိမ်းအက၊ စန္ဒရား၊ ပတ္တလား၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်း အတီးပြိုင်ပွဲများ ဆက်လက်ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲများအလိုက် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်း၊ အဖွဲ့ဝင်(၂) ဦးအောင်သူ၊ အဖွဲ့ဝင် (၃)ဦးစိုးပိုင်၊ အတွင်းရေးမှူးခရိုင် ရဲတပ်ဖွဲ့မှူးဒုရဲမှူးကြီး ရွှေဦးနှင့် ခရိုင်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများမှ ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

FUSO ခြောက်ဘီး ခရီးသည်တင်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၂၁သမ၁၉ဘီလီယံတန်ဖိုးရှိပလတ်စတစ်ဆပ်ပြာခွက် ၁၉၈၀ ဖြင့်ထည့်လျက် ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ပြင်းထန်သလို ယခုပွဲတွင်လည်း အပြန်အလှန်သွင်းဂိုးများဖြင့် ရန်ကုန်အသင်း အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် နှစ်ကြိမ်တိုင် နောက်မှလိုက်ကစားခဲ့ရသော်လည်း ဂိုးများပြန်သွင်းကာ ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သည်။ ပွဲအစ ၁၃ မိနစ်မှာပင် တည်ငြိမ်မင်းက ရတနာပုံအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ချေပဂိုးရရှိရန် တောက်လျှောက်ကြိုးပမ်းလာပြီး ၂၅ မိနစ်တွင် ရန်ကျော်ထွေးက ဂိုးပြန်သွင်းကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ၅၅ မိနစ်တွင် အာကာက ရတနာပုံအသင်းအတွက် နောက်တစ်ကြိမ် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၅၈ မိနစ်တွင် လှိုင်းဘိုဘိုက ရန်ကုန်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက အခွင့်အရေးပိုရလာပြီး ၇၆ မိနစ်တွင် ကောင်းစည်သူ၊ ၈၆ မိနစ်တွင် ဇော်ဝင်းသိန်းနှင့် ၉၀+၄ မိနစ်တွင် အောင်မျိုးခန့်တို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ဇော်ဝင်းသိန်းက ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၄ မှတ်၊ ရတနာပုံအသင်းက ခြောက်ပွဲကစား ၁၀ မှတ် ရရှိထားသည်။

ပွဲစဉ် (၆) နောက်ဆုံးနေ့ကို ဩဂုတ် ၁၂ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

❊ *ကျောဖုံးမှ*

၃၂ ဦး အဆင့်တွင် ချက်ဖ်တင်းနစ်မယ် ကာရိုလိုင်းနား ပလစ်ကိုဗာ၊ ၁၆ ဦးအဆင့်တွင် အမေရိကန် တင်းနစ်မယ် အက်ရှ်လန်း ခရူးဂါတို့ကို ကျော်ဖြတ်ကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့သည်။

ကွာတားဖိုင်နယ်တွင် လည်း ပြိုင်ဘက်စတန်းစ်ကို နှစ်ပွဲပြတ်နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။ ၎င်းသည် ကနေဒါ အိုးပင်း အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ရုရှား တင်းနစ်မယ် ဒိုင်ယာနာ ရှနိုက်ဒါနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရှနိုက်ဒါသည် ကနေဒါအိုးပင်း ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ရုရှား တင်းနစ်မယ် ဆမ်ဆိုနိုဗာကို ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး ၄-၆၊ ၆-၁၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခြင်းဖြစ်သည်။

၎င်းသည် အဆိုပါပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် အမေရိကန်နာမည်ကြီး တင်းနစ်မယ် ကိုကိုဂေါ့ဖ်နှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ်နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

**အောင်ဇော်**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိခဲ့သည့် ပြည်နယ်ဘောလုံးအသင်းအား မြစ်ကြီးနားမြို့၌ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု

**မြစ်ကြီးနား ဩဂုတ် ၁၁**

နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက် (၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလား နှင့် အကောင်းဆုံးကစားသမားဆု နှစ်ဆုကို ဆွတ်ခူး ရရှိခဲ့သော ကချင်ပြည်နယ်ဘောလုံးအသင်းသည် တံခွန်စိုက်ဆုဖလားနှင့်အတူ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၃ နာရီက မြစ်ကြီးနားမြို့သို့ပြန်လည်ရောက်ရှိလာရာ လေဆိပ်၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစား ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဘင်ခရာ၊ ပန်းပွားအဖွဲ့များနှင့်အတူ အောင်သပြေ၊ ပန်းကုံးတို့ဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ကချင်ပြည်နယ် ဘောလုံးအသင်းအနေဖြင့် ပြည်နယ်၏ ဘောလုံးသမိုင်းတွင် ၂၀၀၈ ခုနှစ်က (၅၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲတွင် ပြည်ထောင်စုဒိုင်းကြီးကို နောက်ဆုံးအကြိမ် ရယူပေးနိုင်ခဲ့ပြီး ယခု ၁၆ နှစ်အကြာတွင် တံခွန်စိုက်ဆုဖလားကို ပြန်လည် ရယူနိုင်ခဲ့ခြင်းဖြစ်သဖြင့် ထိုသို့ အောင်မြင်မှုရရှိခဲ့သည့် ပြည်နယ်ဘောလုံးအသင်းအား လေဆိပ်မှ ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအထိ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင် ရပ်ကွက်နေပြည်သူများက အိုးစည်ဒိုးပတ်အကတို့ဖြင့်လည်းကောင်း၊ ဆွမ်ပရာဘွမ်လမ်းမကြီးနှင့် ရုံးကြီးလမ်းတစ်လျှောက်တွင် ကျောင်းသား ကျောင်းသူများ၊ သူနာပြုသားဖွား ကျောင်းနှင့် ပညာရေးဒီဂရီကောလိပ်တို့မှ သင်တန်းသား သင်တန်းသူများ၊ ဦးစီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများကလည်းကောင်း လမ်းဘေးဝဲယာမှ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း ဘင်ခရာအဖွဲ့က ဦးဆောင်ကြိုဆိုခဲ့ကြပြီး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုစလွယ်၊ ပန်းကုံးတို့ဖြင့် ကြိုဆိုခဲ့ကြသည်။ **(ယာပုံ)**



ထို့နောက် ညပိုင်းတွင် ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ချန်ပီယံ ပြည်နယ်ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ချန်ပီယံဘောလုံးအသင်း အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများက အောင်နိုင်ရေးအလံနှင့် တံခွန်စိုက်ဆုဖလားကို ပြည်နယ်ဝန်ကြီးချုပ်ထံ အပ်နှင်းခဲ့ကြသည်။

ဆက်လက်၍ အောင်ပွဲရ ပြည်နယ်ဘောလုံးအသင်းအတွက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးကိုယ်စား ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုးတို့က နောက်တန်းအကောင်းဆုံးဆုရ မောင်မင်းထက်ဇော်နှင့် ဂိုးသမားအကောင်းဆုံးဆုရ မောင်အေးနိုင်အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်း၊ ပြည်နယ်ဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် ဦးဇခုန်ယိန်းဆောင်က ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀၊ ပြည်နယ်စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း ဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ နှင့် မြန်မာမိတ်ကာဟုန်းကုမ္ပဏီလီမိတက်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြရာ ဘောလုံးအသင်းကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**တောင်ကြီး ဩဂုတ် ၁၁**

ရှမ်းပြည်နယ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများ ကျန်းမာကြံ့ခိုင်၍ လုပ်ငန်းခွင်တွင် ပျော်မွေ့သော ဝန်ထမ်းများဖြစ်လာစေရန်၊ ဌာနဆိုင်ရာဝန်ထမ်းများ လုပ်အားစွမ်းပကား တိုးတက်မြင့်မားလာစေရန်၊ လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှု လျော့နည်းစေရန်၊ ဌာနဆိုင်ရာအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား၊ ဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အားကစားနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာသန်စွမ်းသော နိုင်ငံ့ဝန်ထမ်းများဖြင့်သာ တည်ဆောက်နိုင်မည် ဖြစ်၍ ဝန်ထမ်းများ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သူများ ဖြစ်ရန်လိုအပ်ကြောင်း၊ အားကစားလေ့ကျင့်လိုက်စားခြင်းအားဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ စိတ်ရွှင်လန်းခြင်း၊ ဉာဏ်ရည်မြင့်မားခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုမြင့်မားခြင်း၊ မိတ်ဆွေသင်္ဂဟပေါများခြင်း စသည့်ကောင်းကျိုးများကို ရရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် ဝန်ထမ်းများ လုပ်ငန်းခွင်တွင် ပိုမိုပျော်ရွှင်လာမည်ဖြစ်ပြီး စိတ်ဖိစီးမှုများ လျော့ကျသွားမည်ဟု ယုံကြည်ပါကြောင်း၊ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် ပြိုင်ရင်နိုင်ရမည် ဆိုသည့် စိတ်ဓာတ်ဖြင့် အနိုင်မခံ အရှုံးမပေး၊ ဖွဲစိတ်ဓာတ်အပြည့်အဝနှင့် ယှဉ်ပြိုင်ကစားကြရန် လိုကြောင်း၊ မိမိတို့ဌာနဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်သော အားကစား သမားကောင်းများ ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက်ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် ရွတ်ဆိုကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင် မိဘပြည်သူများက ပြိုင်ပွဲပထမနေ့ ပွဲစဉ်အဖြစ် ပြည်နယ်စည်ပင်သာယာရေးဌာန အသင်းနှင့် ပြည်နယ် မီးသတ်ဦးစီးဌာန အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲအား ဌာနဆိုင်ရာအသီးသီးမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၅ သင်း ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ် စာရေးဆရာများအသင်း လစဉ်ပုံမှန်လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် စာရေးဆရာများအသင်း လစဉ်ပုံမှန်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ရပ်ကွက်လုံးဆိုင်ရာဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စာရေးဆရာများအသင်း ဥက္ကဋ္ဌ ဦးခင်မောင်မြင့်ကိုယ်စား ဒုတိယဥက္ကဋ္ဌစာရေးဆရာ အိုင်ပီမျိုးအောင်က ဩဂုတ် ၃ ရက်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး၏ မြန်မာနိုင်ငံ စာရေးဆရာအသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဦးစွာဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသော စာရေးဆရာများနှင့်သတင်းစာဆရာများက အသင်းရုံးမြေနေရာ လျှောက်ထားရရှိရေးနှင့် ရန်ပုံငွေရရှိရေး ကိစ္စရပ်များအပါအဝင် ကဏ္ဍအသီးသီးအလိုက် ဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် စာမူပြိုင်ပွဲတွင် ကဗျာအထူးဆုနှစ်ရရှိသူ ကဗျာဆရာ ဟန်ညွန့် (ယဉ်ကျေးမှု) အား ဂုဏ်ပြု မုဒိတာစကားများကို အသင်းဝင် စာရေးဆရာများက ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပခုက္ကူမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ပခုက္ကူ ဩဂုတ် ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းလင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းယုမော်က စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကျောင်းအုပ်ကြီး ဦးစန်းအောင်၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်နှင့် ဆရာမများ၊ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၈)သင်တန်းသူများက စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်၍ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ပညာအသိများဖြန့်ဝေပေးသည့် စာကြည့်တိုက်များ

*ဒေါက်တာသန့်စင် (ရုပဗေဒ)*




ကျွန်တော်သည် ငယ်စဉ်ကပင် စာဖတ်ဝါသနာပါခဲ့ပါသည်။ ကျွန်တော့်ဖခင်မှာ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပြီး လခထုတ်ရက်များတွင် ကျွန်တော်တို့မောင်နှမများအတွက် လစဉ်ထုတ် ကာတွန်းစာအုပ်များ၊ ဂျာနယ်များနှင့် အမေ့အတွက် ထိုအခါကနာမည်ကြီးသည့် စာရေးဆရာကြီး၊ ဆရာမကြီးများရေးသားသည့် ဝတ္ထုစာအုပ်များကို ဝယ်ပေးလေ့ရှိပါသည်။ အလယ်တန်းကျောင်းသား ဘဝမှစ၍ ပြန်ကြားရေးစာကြည့်တိုက်များသို့ သွားရောက်စာဖတ်သည့်အလေ့ စတင်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ် မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်သို့ ပထမနှစ်စတင်တက်ရောက်စဉ် ပင်မဆောင် တောင်ဘက်ရှိ ရာဇာတ်ဟော(လ်)အမည်ရှိတက္ကသိုလ်စာကြည့်တိုက်တွင် စာကြည့်တိုက်ကတ်လုပ်ကာ စာအုပ်များကို စတင်ရှာဖွေဖတ်ရှုခဲ့ရာမှ တက္ကသိုလ်ဆရာဖြစ်သည်အထိ စာကြည့်တိုက်နှင့် ရင်းနှီးခဲ့ရပါသည်။ ဝန်ထမ်းဘဝ နိုင်ငံအသီးသီးသို့ သင်တန်းများ၊ အစည်းအဝေးများ တက်ရောက်ရန် သွားရောက်သည့် မြို့များတွင် စာကြည့်တိုက်ပြတိုက်များကို အားသည့်အချိန်များတွင် လေ့လာကြည့်ရှုခဲ့ပါသည်။

ယခုဆောင်းပါးတွင် စာကြည့်တိုက်ပညာရှင်နှင့် မြန်မာ့သမိုင်းပညာရှင် ဆရာကြီးတိုက်စိုး (၁၉၂၀–၂၀၀၃) ရေးသားခဲ့သည့် စာကြည့်တိုက်ဆောင်းပါးများမှ သင့်လျော်သည်တို့ကို ရေးသားဖော်ပြလိုက်ပါသည်။

ဆရာတိုက်စိုး၏ ကမ္ဘာ့စာကြည့်တိုက်များ ဆောင်းပါး (စာကြည့်တိုက်လုပ်ငန်း၊ စာပေဗိမာန်၊ ၁၉၇၁ )တွင် "မည်သည့်တိုးတက်သောနိုင်ငံတွင် မဆို စာကြည့်တိုက် အနည်းအများ ရှိစမြဲဖြစ်သည်။ ထိုစာကြည့်တိုက်များသည်လည်း လုပ်ငန်းတာဝန်ကိုလိုက်၍ လည်းကောင်း၊ အသုံးပြုသော လူတန်းစားကိုလိုက်၍ လည်းကောင်း အမျိုးအစားကွဲပြားလေသည်။ ထို့ကြောင့် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ် စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက် ဟူ၍ရှိကြသည်။ အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတစ်နိုင်ငံတွင် အကြီးအချုပ်စာကြည့်တိုက် ဖြစ်လေသည်။ ယေဘုယျအားဖြင့် နိုင်ငံကိုကိုယ်စားပြုသော နိုင်ငံ၏ တစ်ခုတည်းသော စာကြည့်တိုက်ဟုဆိုရာသည်။ သို့သော် နိုင်ငံ၏ထူးခြားသော သမိုင်းကြောင်းကိုလိုက်၍ အချို့နိုင်ငံများတွင် တစ်ခုစီ၊ အချို့နိုင်ငံများတွင် နှစ်ခု သုံးခုစီ ရှိတတ်၏။

**အမျိုးသားစာကြည့်တိုက်၏ ထူးခြားသော လက္ခဏာမှာ –**

(က) ထိုစာကြည့်တိုက်တွင် နိုင်ငံတွင်းထုတ် စာအုပ်စာတမ်းများ အစုံအလင်ဆုံးဖြစ်ခြင်း၊

(ခ) နိုင်ငံလုံးဆိုင်ရာ စာကြည့်တိုက်စနစ်တွင် ဦးစီးဦးဆောင်ဖြစ်ခြင်း၊

(ဂ) ပညာရှာဖွေရေးနှင့်စပ်၍ ပြည်သူလူထု တစ်ရပ်လုံး၏ မှီခိုလဲလျောင်းရာဖြစ်ခြင်း ပေတည်း။

ထိုမှတစ်ဖန် ဆိုရန်ရှိသည်ကား အမျိုးသားစာကြည့်တိုက်သည် သုတေသနစာကြည့်တိုက်ဖြစ်သည်လည်းမှန်၏။ အဓိပ္ပာယ်မှာ အမျိုးသားစာကြည့်တိုက်ကို သုံးသူများသည် ပညာအရည်အသွေးမြင့်သူများ၊ သုတေသီကြီးများ ဖြစ်လေ့ဖြစ်ထရှိသည်ဟူ၏။ သို့သော် သာမာန်အရပ်သားများကို အမျိုးသားစာကြည့်တိုက်သည် တံခါးပိတ်ထားသည် မဟုတ်ချေ။ ဤသို့အားဖြင့် အမျိုးသားစာကြည့်တိုက်သည် ပြည်သူလူထုအတွက် စာအရာ၌ အားကိုးအားထား ခံရထိုက်အောင် ပြည့်စုံသောဌာနလည်း ဖြစ်ပါပေသည်။" ဟု စုံစုံလင်လင် ရေးသားထားပြီး နိုင်ငံတကာ စာကြည့်တိုက်များအကြောင်းကိုလည်း ပြည့်ပြည့်စုံစုံ ရေးသားထားပါသည်။

ပြည်သူ့စာကြည့်တိုက်နှင့် ပတ်သက်၍ ဆရာတိုက်စိုး၏ "ခေတ်သစ်စာကြည့်တိုက်များ" ဆောင်းပါးတွင် "ပြည်သူ့စာကြည့်တိုက်ဆိုသည်မှာ မည်သူမဆို အခလွတ်သုံးစွဲနိုင်သော စာကြည့်တိုက်မျိုးကို ခေါ်လေ့ရှိသည်။ ပြည်သူ့စာကြည့်တိုက်သည် ကျောင်းပညာရပ်ကို အလျှင်ဆက်ပေးလေသည်။ စာဖတ်သူ၏ စိတ်ဝင်စားမှုကို ကျယ်ပြန့်စေသည်။ လုပ်ငန်းဆောင်တာအတွက် ကူညီ၏။ စိတ်ကိုဖျော်ဖြေ၏။ စာကြည့်တိုက်ကို တနင်္ဂနွေအပါအဝင် နေ့စဉ်နံနက်မှ ညဦးပိုင်းအထိ ဖွင့်သည်။ ပြည်သူ့စာကြည့်တိုက်တစ်ခုတွင် ကလေးစာကြည့်စာငှားဌာန၊ စာနယ်ဇင်းဌာန၊ ရည်ညွှန်းဌာန၊ စာငှားဌာန ဟူ၍ လေးဌာနခွဲထားသည်ကို တွေ့ရသည်။ ကလေးစာကြည့်တိုက်ဌာနသို့ ကလေးသူငယ်များ အသွားအလာ အန္တရာယ်မရှိရလေအောင် ဆိုင်ရာတို့က စီမံထားလေသည်။ တစ်ဖန် စာကြည့်တိုက်အတွင်း၌ သီးသန့်စားပွဲ၊ ကုလားထိုင်၊ စာအုပ်စင်များ၊ စာလုံးကြီးကြီး အရုပ်များများနှင့် ရိုက်နှိပ်ထားသော စာအုပ်များထားရှိပေသည်။ ကစားစရာပစ္စည်းများလည်း အဖြည့်အစွက်သဘောမျိုး ရှိနေလေသည်။"

"စာကြည့်တိုက်ကောင်း ဆိုသည်မှာ ကမ္ဘာ့ပညာစုံစုရာ ရတနာသိုက်ဖြစ်ပါသည်။ ဘယ်လိုအကြောင်းအရာနှင့် စာပုရပိုက်မျိုးလိုသည်ဖြစ်စေ လွယ်လင့်တကူရနိုင်သည်။ သို့ကလို လွယ်လင့်တကူရှာရအောင် ပမာဆိုသော် အထွေထွေ၊ သဘာဝတ္တ၊ ဘာသာရေး၊ လူမှုဆက်ဆံရေး၊ ဝေါဟာရဗေဒ၊ သိပ္ပံပညာ၊ စက်မှုလက်မှု၊ အနုပညာ၊ စာပေသမိုင်း စသည်ဖြင့် အမျိုးတူစု၊ အမျိုးမတူ ခွဲထားပါသည်။ ဂျူဝီ၏ အမှတ်သင်္ကေတများကိုလည်း တပ်ထားပေးပါသည်။"

❑ စာကြည့်တိုက်ကောင်းဆိုသည်မှာ ကမ္ဘာ့ပညာစုံစုရာ ရတနာသိုက်ဖြစ်ပါသည်။ ဘယ်လိုအကြောင်းအရာနှင့် စာပုရပိုက်မျိုးလိုသည်ဖြစ်စေ လွယ်လင့်တကူရနိုင်သည်။ သို့ကလို လွယ်လင့်တကူရှာရအောင် ပမာဆိုသော် အထွေထွေ၊ သဘာဝတ္တ၊ ဘာသာရေး၊ လူမှုဆက်ဆံရေး၊ ဝေါဟာရဗေဒ၊ သိပ္ပံပညာ၊ စက်မှုလက်မှု၊ အနုပညာ၊ စာပေသမိုင်း စသည်ဖြင့် အမျိုးတူစု၊ အမျိုးမတူ ခွဲထားပါသည်။ ဂျူဝီ၏ အမှတ်သင်္ကေတများကိုလည်း တပ်ထားပေး

"တက္ကသိုလ်စာကြည့်တိုက်၏ လုပ်ငန်းတာဝန်သည် အမျိုးသားစာကြည့်တိုက်နှင့် တူသည်လည်းရှိ၏။ ကွဲသည်လည်း ရှိသည်။ တူသည့်အချက်မှာ အမျိုးသားစာကြည့်တိုက်ကဲ့သို့ စာအုပ်စာတမ်းဦးရေတွင် လည်းကောင်း၊ ပညာရပ်အားဖြင့်လည်းကောင်း စုံလင်ခြင်းဖြစ်သည်။ ကွဲပြားသည့်အချက်မှာ တက္ကသိုလ်စာကြည့်တိုက်မည်သည် အရင်းခံအားဖြင့် ဆရာနှင့် ကျောင်းသားများ၏ လိုအင်ဆန္ဒကို ဖြည့်ရခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် တက္ကသိုလ်စာကြည့်တိုက်သည် သုတေသနပြုရေးနှင့် စာသင်ကြားရေးကို ပြည့်စုံအောင် ထောက်ပံ့ရလေသည်။"

စာကြည့်တိုက်မှူးများအတွက် ဆရာတိုက်စိုး၏ "အင်္ဂလန်မှ စာကြည့်တိုက်တစ်ခု" ဆောင်းပါး (တာရာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၄၉ )တွင် "စာကြည့်တိုက်မှူးသည် စာဖတ်သူများ၏ ဗဟုသုတကို ဖြည့်၏။ အပေါင်းအသင်းဆံ့သည်။ ပြည်သူတို့၏ အလေ့အထ၊ ဝါသနာဘာဂီကို အမြဲစိတ်ဝင်စားလျက် လိုအင်ဆန္ဒကို မဆိုင်းမတွ ဖြည့်စွမ်းပေးသည်။ ပြည်သူတို့ကလည်း သူတို့၏ တာဝန်ဝတ္တရားကို မမေ့မလျော့ကြပါ။ စာအုပ်တွေကို ဂရုတစိုက်ရှိခြင်း၊ စာကြည့်တိုက်အတွင်း ငြိမ်သက်မှုရှိခြင်း စသောစည်းမျဉ်းဥပဒေများကို လိုက်နာကြပါသည်။ သည်လိုတစ်ဦးကိုတစ်ဦး အကျိုးပြုသည့် အလေ့အထကို အခြားတိုင်းကြီးပြည်ကြီးသားများက မချီးမွမ်းဘဲ မနေနိုင်ပါ။ "

"မြန်မာနိုင်ငံစာကြည့်တိုက်ခရီး" ဆောင်းပါး (ပညာလောကစာစောင် ၊ အောက်တိုဘာလ၊ ၁၉၇၂) တွင် "ယခုအခါ ပုဂံညောင်ဦးလမ်းဘေးတွင် ဇာပြတင်းပေါက်များဖြင့် သုံးဖက်သုံးတန် ကာရံ၍ ဘုံငါးဆင့်ရှိ အုတ်တိုက်တစ်တိုက်ကို ပုဂံခရီးသွားဧည့်သည်များ မြင်မိကြလိမ့်မည်။ ထိုအုတ်တိုက်ကို အနော်ရထာမင်းစော၏ ကုသိုလ်တော်ဟူ၍ လည်းကောင်း၊ ပိဋကတ်တိုက်ဟူ၍ လည်းကောင်း သက်ကြီးဝါကြီးများက ဆိုထုံးပြုကြသည်။ ထို့ကြောင့် ထိုအုတ်တိုက်၌ပင် သထုံပြည်မှ အနော်ရထာမင်းစောပင့်ဆောင်လာခဲ့သော ပိဋကတ်တော်များကို ထားလေသည်ဟူ၍ ယူဆဖွယ်ရာဖြစ်လေသည်။"

"တစ်ဖန် ကျန်စစ်သားမင်းလက်ထက်၌ တူရင်းတောင်ခြေဝယ် ကန်တစ်ကန်ရှိခဲ့လေသည်။ ထိုကန်သည် ကြာမျိုးစုံဖြင့် တင့်တယ်လှပပေ၏။ မြကန်ဟူ၍လည်း နောင်တွင်အမည်တွင်ခဲ့သည်။ ထိုကန်၏ အနီးတွင်လည်း ကျောက်ဖြင့်ပြီးသော အဆောက်အအုံတစ်ခုရှိခဲ့လေသည်။ ထိုကျောက်တိုက်ကို နှောင်းလူများက စက္ကူတိုက်ဟု ခေါ်ကြသည်ဖြစ်ရာ ပိဋကတ်တိုက်ပင် ဖြစ်လေမည်လားဟု တွေးစရာဖြစ်ပြန်လေသည်။ " ဟု ရေးသားခဲ့ပါသည်။

ကျွန်တော့်၏ဇနီးသည် ဆရာတိုက်စိုး၏ သမီးအငယ်ဆုံး ဖြစ်ပါသည်။ ဆရာတိုက်စိုးနေသည့် အိမ်သို့ အလည်ရောက်တိုင်း စာအုပ်များနှင့် စာဖတ်နေလေ့ရှိပါသည်။ သူ့ထံမှ မှတ်သားစရာ ဗဟုသုတများ ကြားနာခဲ့ရပါသည်။ စာပေဖတ်သောပုဂ္ဂိုလ်နှင့် တွေ့ဆုံစကားပြောရခြင်းသည် စာအုပ်များစွာဖတ်နေရသကဲ့သို့ အသိပညာများ ရရှိခဲ့ပါသည်။

ယနေ့လူငယ်လူရွယ်များမှစ၍ နိုင်ငံသားတိုင်းကို စာပေပညာများဖတ်ရှုကြရန် နိုင်ငံတော်အကြီးအကဲက အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၊ ပြပွဲပြိုင်ပွဲများတွင် တက်ရောက်ရာတွင် မှာကြားလေ့ရှိပါသည်။ ထို့အတူ စာကြည့်တိုက်များဖွင့်ခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲများကိုလည်း မြို့နယ်အနှံ့ ဆောင်ရွက်နေကြပါသည်။ စာပေပညာရပ်များကို လေ့လာခြင်းဖြင့် မိမိ၏အသိနှင့်သတိကို မြှင့်တင်ပေးပြီး ကြိုးစားကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

---

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးတို့အတွက် စာကြည့်တိုက်များ ဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**မင်းဘူး ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာကြည့်တိုက်ဆောက်လုပ်ခြင်းကို ဩဂုတ် ၁၀ ရက်တွင် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်၊ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်များ ဆောက်လုပ်သည့်နေရာမှာ စကုမြို့ အမှတ်(၁) ရှမ်းစုရပ်ကွက် ဦးပိုင်အမှတ် ၉၀/၉၁ အကွက်အမှတ် (B1–ရှမ်းစု) ဧရိယာ ၀ ဒသမ ၀၄ ဧကနှင့် ပင်လယ်သက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှေ့မှ ကျေးလက်စာကြည့်တိုက်များဖြစ်ကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လူကုန်ကူးခံရမှု သတိပြု

သျှင်မေ

- ❒ **ကျားဖြန့်ဆိုတာ တရုတ်ဘာသာစကား အသံထွက်ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ လိမ်လည်မှု၊ ငွေကြေးလိမ်လည်မှုနဲ့ ဖြားယောင်းသွေးဆောင်မှုကို ခေါ်တာပါ။ ဒါပေမယ့် တရုတ်နိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေကတော့ ကျားဖြန့်လို့ဆိုလိုက်တာနဲ့ အွန်လိုင်းပေါ်က ငွေလိမ်လုပ်ငန်းလို့ နားလည်ထားကြ**
- ❒ **နိုင်ငံတော်အစိုးရဘက်ကလည်း ကျားဖြန့်ကိစ္စရပ်ကို သိရှိပြီးနောက်မှာ တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်နှိမ်နင်း**

ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါအလွန် တစ်ကမ္ဘာလုံးရှိနိုင်ငံတိုင်း ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတစ်ရပ်က စီးပွားရေးပြန်လည်နာလန်ထူနိုင်ဖို့ ကြိုးစားရတာဖြစ်ပါတယ်။ ထိတွေ့ဆက်ဆံမှု ခက်ခဲတဲ့အချိန်မှာ ပညာသင်ယူတာ၊ စီးပွားရေးလုပ်ငန်းဖြန့်ကြက်တာ၊ ငွေကြေးစီးဆင်းတာ၊ အရေးကြီးတဲ့ တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်တာ အစရှိတဲ့ ကိစ္စအတော်များများမှာ အွန်လိုင်းကနေ Virtual စနစ်နဲ့ ပိုမိုဆောင်ရွက်နိုင်တဲ့အတွက် အချိန်ကုန်၊ ငွေကုန်သက်သာတဲ့အပြင် ဆုံးဖြတ်ချက်တွေကို ခပ်မြန်မြန်ချမှတ်နိုင်တာ၊ အချိန်နဲ့တစ်ပြေးညီ သတင်းအချက်အလက်တွေကိုဖြန့်ဝေနိုင်တာစတဲ့ ကောင်းကျိုးတွေအများကြီးရရှိခဲ့ကြပါတယ်။ အွန်လိုင်းယဉ်ကျေးမှုနဲ့ ရင်းနှီးကျွမ်းဝင်လာတာနဲ့အမျှ အွန်လိုင်းကနေ မကောင်းမှုဒုစရိုက်တွေ လုပ်ဆောင်ခြင်းကလည်း တစ်နေ့တခြား မြင့်တက်လာနေပါတယ်။

အွန်လိုင်းကနေ ယုံကြည်အောင် သွေးဆောင်ဖြားယောင်းမှုကြောင့်အညွှန့်ကျိုးခဲ့ရတဲ့ ဆယ်ကျော်သက်တွေရှိလာသလို အွန်လိုင်းပေါ်က အမုန်းတရားလှုံ့ဆော်မှုတွေကြောင့် အကြမ်းဖက်လုပ်ရပ်တွေ ပိုမိုပေါ်ပေါက်ခဲ့ရတာမျိုးတွေလည်း မိမိတို့နိုင်ငံမှာတင်မြင်လို့ကြားလို့ မဆုံးနိုင်အောင်ပါပဲ။ ဒီကာလမှာ အဆိုးရွားဆုံး အွန်လိုင်းလိမ်လည်မှုကတော့ ကျားဖြန့်လို့ ခေါ်ဝေါ်ကြတဲ့ အွန်လိုင်းငွေကြေးလိမ်လည်မှုပဲဖြစ်ပါတယ်။ အဲဒီ ကျားဖြန့်လုပ်ငန်းတွေ တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နိုင်ဖို့ တရားမဝင်အလုပ်သမားတွေ စုဆောင်းရှာဖွေတာနဲ့ လူကုန်ကူးတာတွေကိုလည်း သတင်းတွေမှာ မကြာခဏမြင်တွေ့ရပါတယ်။

ကျားဖြန့်ဆိုတာ တရုတ်ဘာသာစကား အသံထွက်ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ လိမ်လည်မှု၊ ငွေကြေးလိမ်လည်မှုနဲ့ ဖြားယောင်းသွေးဆောင်မှုကို ခေါ်တာပါ။ ဒါပေမယ့် တရုတ်နိုင်ငံအပါအဝင် အရှေ့တောင်အာရှ နိုင်ငံတွေကတော့ ကျားဖြန့်လို့ဆိုလိုက်တာနဲ့ အွန်လိုင်းပေါ်က ငွေလိမ်လုပ်ငန်းလို့ နားလည်ထားကြပါတယ်။ ကျားဖြန့်လုပ်ငန်းဟာ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်နဲ့ မြန်မာ၊ ထိုင်း အစရှိတဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာ ကြီးကြီးမားမား အမြစ်တွယ်ပျံ့နှံ့နေတဲ့ ဒုစရိုက်လုပ်ငန်းဖြစ်ပါတယ်။

ကိုဗစ်အလွန်မှာ ပိုမိုဖွံ့ဖြိုးလာခဲ့တဲ့ ကျားဖြန့်တွေကို ယခုအချိန်မှာတော့ နိုင်ငံပေါင်းချုပ်အွန်လိုင်းငွေကြေးလိမ်လည်မှုအသင်းကြီး ဖြစ်နေပြီလို့ အမေရိကန်ပြည်ထောင်စုငြိမ်းချမ်းရေးအင်စတီကျူကဆိုထားသလို တရုတ်နိုင်ငံအနေနဲ့လည်း အရှေ့တောင်အာရှနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ပူးပေါင်းပြီး ကျားဖြန့်လုပ်ငန်းတွေကို အပြီးတိုင်ရပ်ဆိုင်းသွားစေဖို့ အရှိန်မြှင့်လုပ်ဆောင်နေပါတယ်။ ကျားဖြန့်လုပ်ငန်းဟာ လူကုန်ကူးမှု၊ လက်နက်မှု၊ မူးယစ်ဆေးဝါးမှု၊ လောင်းကစားမှု၊ ရာဇဝတ်မှုတွေနဲ့ ဆက်စပ်ပတ်သက်နေလေ့ရှိပြီး သားကောင်ဖြစ်သွားရတဲ့ အရှေ့တောင်အာရှသားအများစုကိုလည်း ဆက်တိုက်ဆိုသလို သတင်းတွေမှာ မြင်တွေ့နေရပါတယ်။

မြန်မာနိုင်ငံမှာလည်း ကျားဖြန့်လုပ်ငန်းတွေကို တရားဥပဒေစိုးမိုးမှုအားနည်းရာ နယ်စပ်မြို့အချို့မှာ လုပ်ကိုင်ကြတယ်လို့ သိရှိရပါတယ်။ ကျားဖြန့်လုပ်ကိုင်သူ ပိုင်ရှင်ဆိုသူကို အလုပ်သမားတွေကိုယ်တိုင် မည်သူမည်ဝါမှန်း မသိရှိရတဲ့အပြင် ဘယ်နိုင်ငံသားဖြစ်တယ်၊ ဘယ်နိုင်ငံမှာ ရှိတယ်ဆိုတာမျိုးတောင်မသိကြရဘဲ သူဌေးလူယုံများနဲ့သာ လုပ်ကိုင်ကြရတယ်လို့ ကျားဖြန့်လုပ်ငန်းခွင်မှာ လုပ်ကိုင်နေသူတွေထံက သိရပါတယ်။ နေ့စဉ်နဲ့အမျှ ကွန်ပျူတာဖန်သားပြင်ကနေ သားကောင် (လိမ်လည်ခံရမယ့်သူ)ကို ရှာဖွေကြရပြီး လစာအပြင် လူရှာခသီးသန့်ခံစားခွင့်ရပါတယ်။ ဒါပေမယ့် သတ်မှတ်သားကောင် ပြည့်အောင်မရှာနိုင်ရင် လစာဖြတ်တာ၊ နှိပ်စက်ညှဉ်းပန်းခံရတာမျိုးကိုလည်း ကြုံကြရတတ်ပါတယ်။

## ကမ္ဘာတစ်လွှားကူးစက်လာတဲ့ ကျားဖြန့်အန္တရာယ်

ကျားဖြန့်တွေမှာ အွန်လိုင်းဂိမ်းတွေအပြင် စတော့ဈေးကွက်ကစားတာ၊ ဝက်ဘ်ဆိုက်ထဲဝင်ရောက်ပြီး ကလစ်နှိပ်တာ၊ ပါဆယ်ပို့ပေးမယ်၊ ငွေကြေးချေးယူခွင့်ပေးမယ်စသည်ဖြင့် ငွေကြေးနဲ့ဖြားယောင်းလို့ လိမ်လည်တာ၊ အွန်လိုင်းဈေးကွက်သင်တန်းတွေပေးမယ်ဆိုပြီး လိမ်လည်တာ၊ AI နည်းပညာအသုံးပြုပြီး အမည်ကျော်ကြားသူတွေကို ချဉ်းကပ်၊ အရုက်တကွဲအကျိုးနည်းဖြစ်အောင် ခြိမ်းခြောက်တာစသည်ဖြင့် အမျိုးမျိုးရှိပါတယ်။ တစ်ဖက်မှာလည်း သူတို့လုပ်ငန်း ကျယ်ပြန့်နိုင်အောင် လုပ်သားစုဆောင်းတာတွေ၊ လူကုန်ကူးတာတွေကိုလည်း လုပ်ဆောင်လေ့ရှိပါတယ်။

မိမိတို့နိုင်ငံမှာ အလားတူ လိမ်လည်မှုတွေကို ကြုံနေရသလို အခုနောက်ပိုင်းမှာ အရှေ့တောင်အာရှနိုင်ငံတွေအပြင် အနောက်နိုင်ငံတွေဆီကိုပါ ကူးစက်လိမ်လည်နေကြပြီလို့ သိရှိရပါတယ်။ နေ့စဉ်နဲ့အမျှ မိမိတို့ လူမှုကွန်ရက်မှာ အသုံးပြုသူ အကောင့်အသစ်တွေကို ကြုံကြတဲ့အခါ ချောမောလှပတဲ့ မိန်းမပျိုလေးတွေ၊ ယောကျ်ားပီသတဲ့ အမျိုးသားလေးတွေကို မကြာခဏမြင်ဖူးကြမှာပါ။ အများစုက ဖန်တီးထားတာသာဖြစ်ပြီး အကောင့်တုတွေပါ။ မိတ်ဆွေဖွဲ့လာပြီး သူတို့အလုပ်အကိုင်တွေ အဆင်ပြေနေကြောင်း ပြောဆိုလို့ နည်းလမ်းကောင်းပေးမယ်ဆိုလို့ကတော့ ကျိန်းသေလိမ်လည်မှုစတင်ပါပြီ။ ဒါ့အပြင် နည်းပညာအသုံးပြုပြီး ဘာသာစကားဖလှယ်ထားတဲ့ မြန်မာသဒ္ဒါမကျတဲ့ စာသားတွေနဲ့ ကြော်ငြာမျိုးစုံကိုလည်း မြင်တွေ့ရနိုင်ပါတယ်။ ဒါတွေအားလုံးက လိမ်လည်နေတယ်ဆိုတာကို သတိပြုကြဖို့ လိုပါတယ်။

## သားကောင်ဖြစ်ရတဲ့အပြင် လိမ်လည်မှုအတွက် အမှုရင်ဆိုင်နေရသူ

ပြီးခဲ့တဲ့ဇူလိုင်လ လကုန်ပိုင်းက မြန်မာနိုင်ငံကို လူကုန်ကူးခံရပြီး ဖိလစ်ပိုင်နိုင်ငံကို ပြန်လည်ပို့ဆောင်ခံရသူတစ်ဦးအကြောင်း ပြောပါရစေဦး။ ဒီဖြစ်စဉ်ကတော့ မြန်မာနိုင်ငံကနေ လူကုန်ကူးခံရလို့ ဖိလစ်ပိုင်ကို ပြန်ပို့ပြီးတဲ့နောက်မှာ သူက ဖိလစ်ပိုင်နိုင်ငံသားလည်းမဟုတ်ဘဲ တရုတ်နိုင်ငံသား ဖြစ်နေခဲ့တာပါ။ သူက ၂၀၂၃ ခုနှစ် ဇူလိုင်လမှာ တရုတ်နိုင်ငံကူးလက်မှတ်နဲ့ ဖိလစ်ပိုင်ကနေ ထိုင်းနိုင်ငံကို ရောက်ခဲ့သူပါ။ သူနဲ့အပေါင်းပါ သုံးဦးက ထိုင်းနိုင်ငံကနေ မြန်မာနိုင်ငံကို ဝင်ရောက်ခဲ့ကြပါတယ်။ သူတို့က ကျားဖြန့်လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ အလုပ်ဝင်စလအတွက်သာ လစာရရှိခဲ့ပြီး ပြစ်ဒဏ်ပေးမှုတွေကိုလည်း ခံစားခဲ့ရပါတယ်။ မြန်မာနိုင်ငံဘက်ကနေ ထိုင်းဘက်ကို တရားမဝင် ပြန်လည်ဝင်ရောက်ပြီး လွတ်မြောက်နိုင်ဖို့ ဘတ်နှစ်သောင်းလောက် ပေးခဲ့ရပေမယ့် ထိုင်းလူဝင်မှုကြီးကြပ်ရေးတာဝန်ရှိသူတွေက သုံးလအကြာ ဖမ်းဆီးခြင်းကိုလည်း ခံခဲ့ရပါတယ်။

သူက တရားမဝင်နည်းလမ်းနဲ့ ဖိလစ်ပိုင်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားလို့ သူ့ကို ဖိလစ်ပိုင်နိုင်ငံသားလို့ ထင်မှတ်တဲ့အတွက် ထိုင်းနိုင်ငံကနေ ဖိလစ်ပိုင်နိုင်ငံ နီနွိုင်း အကွီနို လေဆိပ်ကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၇ ရက်မှာ ပြန်လည်ပို့ဆောင်ခြင်းခံခဲ့ရပါတယ်။ ဒါပေမယ့် ဖိလစ်ပိုင်လူဝင်မှုကြီးကြပ်ရေးက စစ်ဆေးမှုတွေအရ ဖိလစ်ပိုင်နိုင်ငံသားမဟုတ်ဘဲ တရုတ်နိုင်ငံသားဖြစ်ကြောင်း၊ တရုတ်နိုင်ငံကူးလက်မှတ်ကိုအသုံးပြုကာ တရုတ်နိုင်ငံကို ပြန်လည်ပို့ဆောင်ခြင်းခံရမှာစိုးရိမ်လို့ လိမ်လည်ခဲ့တာဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါတယ်။

သူက အသက် ၄၁ နှစ်ရှိတဲ့ မစ္စတာကင်း ဆိုသူဖြစ်ပါတယ်။ သူ့အနေနဲ့ လူကုန်ကူးခံရပြီး ခါးသီးတဲ့ အတွေ့အကြုံအပြင် လိမ်လည်မှုကြောင့် နောက်ဆက်တွဲ အကျိုးဆက်များစွာကိုလည်း ရင်ဆိုင်ရတော့မှာပါ။ တရုတ်နိုင်ငံသားတွေအနေနဲ့ အွန်လိုင်းဂိမ်းလိုမျိုး ကျားဖြန့်တွေမှာ ပါဝင်ပတ်သက်မယ်ဆိုရင် တရုတ်နိုင်ငံကို ပြန်ခေါ်ဆောင်ခြင်းခံရပြီး နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခြင်းခံရနိုင်တဲ့အတွက် အခြားနိုင်ငံသားအဖြစ် လိမ်လည်ထွက်ဆိုတာ၊ ထိန်းသိမ်းထားတဲ့နေရာကနေ နည်းလမ်းအမျိုးမျိုးနဲ့ လွတ်မြောက်ဖို့ ကြိုးပမ်းတာတွေ ရှိနေတယ်လို့ ဖိလစ်ပိုင်လူဝင်မှုကြီးကြပ်ရေးဌာနက သတင်းထုတ်ပြန်ထားတာကို တွေ့ရှိရပါတယ်။

## ကူညီကယ်တင်ပေးနိုင်ဖို့ ဆောင်ရွက်နေ

ဒါ့အပြင် ဖိလစ်ပိုင်သံရုံးက မကြာသေးမီက မိမိတို့ရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကို အကြောင်းကြားစာတစ်စောင် ပေးပို့လာခဲ့ပါသေးတယ်။ ဖိလစ်ပိုင်နိုင်ငံသား ၂၀ က ကရင်ပြည်နယ် မြဝတီမြို့ကို တရားမဝင်ပို့ဆောင်ခြင်းခံရတာမို့ သူတို့ကို ကူညီကယ်တင်ပြီး နေရပ်ပြန်နိုင်ရေး ပူးပေါင်းပေးနိုင်ဖို့ အကြောင်းကြားခဲ့တာပါ။ သူတို့အဆိုအရ ဖိလစ်ပိုင်နိုင်ငံသားအချို့ အလုပ်ရှင်တွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုခံနေရတယ်လို့လည်း သိရှိရပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ တရားမဝင်ဝင်ရောက်ပြီး ဖမ်းဆီးရမိတဲ့ နိုင်ငံခြားသားတွေကို ဥပဒေနဲ့အညီ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်။

နိုင်ငံတော်အစိုးရဘက်ကလည်း ကျားဖြန့်ကိစ္စရပ်ကို သိရှိပြီးနောက်မှာ တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်နှိမ်နင်းလျက်ရှိပြီး ကျားဖြန့်လုပ်ငန်းတွေမှာ ပါဝင်ပတ်သက်ဖမ်းဆီးရမိတဲ့ တရုတ်နိုင်ငံသား ၅၁၈၅၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၁၄၃ ဦး၊ ထိုင်းနိုင်ငံသား ၆၄၀ အပါအဝင် အခြားနိုင်ငံသားတွေကိုလည်း သက်ဆိုင်ရာနိုင်ငံတွေဆီ လွှဲပြောင်းပေးနိုင်ခဲ့တယ်လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက တရားဝင် သတင်းထုတ်ပြန်ပေးခဲ့ပြီး ဆက်လက်၍လည်း ကျားဖြန့်တိုက်ဖျက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

မိမိတို့နိုင်ငံမှာ ကျားဖြန့်တိုက်ဖျက်ရေးဆိုပြီး ခေါင်းစဉ်တပ်ရာကနေ နယ်မြေလုကြတဲ့ MMDAA အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် အပြစ်မဲ့ပြည်သူတွေလည်း အထိနာနေရပါတယ်။ ဒါ့အပြင် ငွေကြေးလိမ်လည်သူတွေကြောင့် မသိနားမလည်တဲ့ ပြည်သူအချို့လည်း အွန်လိုင်းကနေ ငွေကြေးလိမ်လည်မှုဒဏ်ကို ခံစားနေကြရပါတယ်။ ဒါကြောင့် အလိမ်အညာခံရခြင်းကနေ လွတ်မြောက်အောင်နေထိုင်ကြပြီး မိမိတို့ကိုယ်တိုင်ကလည်း ကျားဖြန့်လုပ်ငန်းတွေနဲ့ မပတ်သက်ကြဖို့၊ မိမိပတ်ဝန်းကျင်က ကျားဖြန့် လုပ်ငန်းလုပ်ကိုင်သူတွေကိုလည်း ဖော်ထုတ်ပေးကြဖို့ တိုက်တွန်းလိုက်ပါရစေ။ ။

**"မိမိတို့နိုင်ငံမှာ ကျားဖြန့်တိုက်ဖျက်ရေးဆိုပြီး ခေါင်းစဉ်တပ်ရာကနေ နယ်မြေလုကြတဲ့ MMDAA အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် အပြစ်မဲ့ပြည်သူတွေလည်း အထိနာနေရပါတယ်။ ဒါ့အပြင် ငွေကြေးလိမ်လည် သူတွေကြောင့် မသိနားမလည်တဲ့ ပြည်သူအချို့လည်း အွန်လိုင်းကနေ ငွေကြေးလိမ်လည်မှုဒဏ်ကို ခံစားနေကြရပါတယ်။ ဒါကြောင့် အလိမ်အညာခံရခြင်းကနေ လွတ်မြောက်အောင်နေထိုင်ကြပြီး မိမိတို့ကိုယ်တိုင်ကလည်း ကျားဖြန့်လုပ်ငန်းတွေနဲ့ မပတ်သက်ကြဖို့၊ မိမိပတ်ဝန်းကျင်က ကျားဖြန့် လုပ်ငန်းလုပ်ကိုင်သူတွေကိုလည်း ဖော်ထုတ်ပေး"**

# အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများ အပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ မှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၁ နှစ်ပြည့်မြောက် ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေ ပေးဆပ်ပြီးသူများအား ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံးအပြေအကျေ ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာ ပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများ အနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံး ပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများ အနေဖြင့် အချိန်မီလာရောက် ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန် အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်း တို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ကြောင့်ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

## တရားဥပဒေစိုးမိုးရေး ပိုမိုအားကောင်းလာစေရန်နှင့် တရားမျှတမှုကို အားလုံးလက်လှမ်းမီစေရန်အတွက် ထိရောက်စွာဆောင်ရွက်

**ထားဝယ် ဩဂုတ် ၁၁**

တနင်္သာရီတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



အစည်းအဝေးတွင် တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ခွဲ ခေါင်းဆောင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းက အဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ တိုင်ကြားစာများကို လက်ခံရရှိပါက ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ သိရှိထားရန် လိုအပ်ကြောင်း၊ အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် များကိုလည်း အများပြည်သူသိရှိစေရန် အသိပညာပေးရမည် ဖြစ်ကြောင်း၊ ထို့ပြင် ဥပဒေအသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ စာအုပ်စာတမ်းများ၊ လက်ကမ်းစာစောင်များ၊ အများပြည်သူအလွယ်တကူသိရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါတွင် အများပြည်သူကျယ်ပြန့်စွာ သိရှိနိုင်စေရန်၊ ဥပဒေအသိပညာပေးခြင်း လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန်၊ တရားဥပဒေစိုးမိုးရေး ပိုမိုအားကောင်းလာစေရန်နှင့် တရားမျှတမှုကို အားလုံးလက်လှမ်းမီစေရန် အတွက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး၊ တိုင်းဒေသကြီး ဥပဒေအရာရှိက အဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များကို ဆွေးနွေးတင်ပြပြီး အဖွဲ့ဝင်များက ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## နတ်မောက်မြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေး

**နတ်မောက် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေးပိုစတာများ၊ လက်ကမ်းစာစောင်နှင့် တီရှပ်အင်္ကျီများဖြန့်ဝေခြင်းကို ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီက မြို့မဈေးကြီးအရှေ့ဘက် လူစည်ကားသည့်နေရာများ၌ ပြုလုပ်သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ ဆောင်ပုဒ်နှင့်အညီ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ၊ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့စာတန်းပါတီရှပ်အင်္ကျီများနှင့် ဦးထုပ်များကိုဈေးရောင်း၊ ဈေးဝယ်ပြည်သူများနှင့် ခရီးသွားလာပြည်သူများအား ဖြန့်ဝေပေးသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ယခုနှစ်အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း**



# ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၄ ဒီဂရီဖာရင်ဟိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၀ မီလီမီတာမှ ၂၉ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၃၀ မီလီမီတာမှ ၃၉ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၄၀ မီလီမီတာ မှ ၄၉ မီလီမီတာ အတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်ပါသည်။

**မိုး/ဇလ**

# ပြင်းထန်အပူပိုင်းမုန်တိုင်း မာရီယာကြောင့် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်

**တိုကျို ဩဂုတ် ၁၁**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပြင်းထန်အပူပိုင်းမုန်တိုင်း မာရီယာ ဝင်ရောက်မှုကြောင့် လေကြောင်းလိုင်း၊ ရထားခရီးစဉ်နှင့် လမ်းပန်းဆက်သွယ်ရေးတို့ကို နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

ဩဂုတ် ၁၂ ရက်အတွက် ဂျပန်လေကြောင်းလိုင်း စုစုပေါင်း ၇၈ ခုကိုဖျက်သိမ်းခဲ့ရပြီး အများစုမှာ အရှေ့မြောက်ပိုင်း တိုဟိုခုဒေသမှ တိုကျိုနှင့် အိုဆာကာသို့သွားရောက်မည့် ခရီးစဉ်များဖြစ်သည်။ နိပွန်လေကြောင်းလိုင်းအားလုံးသည်လည်း အိုဆာကာနှင့် အာအိုမိုရိ အကြား ပျံသန်းမှုအပါအဝင် ခရီးစဉ်ရှစ်ခုကို ဖျက်သိမ်းခဲ့ရသည်။ တိုဟိုခုဒေသသို့ ချဉ်းကပ်လာသည့် မုန်တိုင်းကြောင့် နောက်ထပ်ထွက်ခွာမည့် လေယာဉ် ခရီးစဉ်များလည်း ထိခိုက်နိုင်သည်ဟု လေကြောင်း လိုင်းများက သတိပေးထားသည်။

အရှေ့ဂျပန်မီးရထားကုမ္ပဏီကလည်း တိုဟိုခု ကျည်ဆန်ရထားလိုင်း၊ ယာမာဂါတာ ကျည်ဆန်ရထားလိုင်းနှင့် အခိတာ ကျည်ဆန်ရထားလိုင်းတို့တွင် ခရီးစဉ်နှောင့်နှေးမှုများ သို့မဟုတ် ဖျက်သိမ်းခြင်းများ ကြုံတွေ့နိုင်သည်ဟု ပြောကြားသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုဟိုခု အဝေးပြေးယာဉ်လိုင်းနှင့် ဂျိုဘန်အဝေးပြေးယာဉ်လိုင်းတို့၏ ခရီးစဉ်အချို့ကို ဩဂုတ် ၁၂ ရက်ညမှ ၁၃ ရက်အထိ ပိတ်ထားရမည်ဟု အရှေ့နိပွန်အဝေးပြေးယာဉ်လိုင်း ကုမ္ပဏီက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**




# ဂျပန်အနောက်တောင်ပိုင်းမြို့ပေါ်သို့ ကြိုတင်အသိပေးခြင်းမရှိဘဲ Osprey လေယာဉ်များ အနိမ့်ပျံသန်းဟုဆို

**တိုကျို ဩဂုတ် ၁၁**

Osprey ပို့ဆောင်ရေးလေယာဉ်များသည် ကြိုတင်အသိပေးခြင်းမရှိဘဲ မြို့ပေါ်ကို အနိမ့်ပျံသန်းခဲ့မှုနှင့်ပတ်သက်ပြီး တိုင်ကြားမှုများစွာ လက်ခံရရှိထားကြောင်း ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း မီယာဇာကီစီရင်စုရှိ နိုဘီအိုကာမြို့ တာဝန်ရှိသူများက ပြောသည်။

ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၁ ရက်အတွင်း တိုင်ကြားမှုပေါင်း ကိုးကြိမ် လက်ခံရရှိခဲ့ကြောင်း နိုဘီအိုကာမြို့ တာဝန်ရှိသူများက ပြောသည်။ ထို့ပြင် အဆောက်အအုံတစ်ခု၏ခေါင်မိုးတွင် ဆောက်ထားသော ယာယီတဲတစ်လုံး ပျက်စီးမှုဖြစ်ပွားခဲ့သည်ဆိုသော တိုင်ကြားမှု တစ်ခုကိုလည်း လက်ခံရရှိထားကြောင်း ၎င်းတို့က ပြောသည်။




လွန်ခဲ့သည့် ၁၀ ရက်အတွင်း Osprey ပို့ဆောင်ရေးလေယာဉ်များကို နှစ်ကြိမ်မြင်တွေ့ခဲ့ကြောင်း အသက် ၇၀ အရွယ် ဒေသခံတစ်ဦးက ပြောသည်။ ထို့ပြင် ယင်းလေယာဉ်များသည် ၎င်းနေအိမ်အနီးတွင် အနိမ့်ပျံသန်းခဲ့ပြီး ဆူညံသံ အလွန်ကျယ်လောင်ခဲ့သည်ဟု ဆိုသည်။

တာဝန်ရှိသူများက ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး စီရင်စုမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာန၏ ကျူရှူဒေသဆိုင်ရာ ဗျူရိုကို မေးမြန်းစုံစမ်းခဲ့ကြောင်း သိရသည်။ ယင်းကာလအတွင်း မြို့ပေါ်ကို Osprey ပို့ဆောင်ရေးလေယာဉ်များ ပျံသန်းခဲ့ကြောင်း၊ ယင်းလေယာဉ်များမှာ အိုခီနာဝါစီရင်စုရှိ အမေရိကန် မရိန်းတပ်ဖွဲ့၏ ဖူတန်းမားလေတပ်စခန်းမှ ပိုင်ဆိုင်သည့် လေယာဉ်များ ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၂၅ ခုနှစ်တွင် ပိုလီယိုဗိုင်းရပ်စ်ကို အမြစ်ပြတ်စေရန် လုပ်ဆောင်သွားမည်ဟု ပါကစ္စတန် ကတိပြု

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၁**

၂၀၂၅ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုဗိုင်းရပ်စ် လုံးဝအမြစ်ပြတ်စေရန် လုပ်ဆောင်သွားမည်ဟု ကတိပြုကြောင်းပါကစ္စတန်ဝန်ကြီးချုပ် ရှာဘာ့ဇ်ရှာအိဖ်က ပြောသည်။ ကာကွယ်ဆေးလွှမ်းခြုံနိုင်မှုကို ပိုမိုတိုးမြှင့်စေရန် အထူးအစီအမံများ လုပ်ဆောင်နေကြောင်း ၎င်းက ဆက်ပြောသည်။ ပိုလီယိုအမြစ်ပြတ်စေရန် အစိုးရ၏ ချဉ်းကပ်မှုတစ်ရပ်ကို ချမှတ်ထားကြောင်းသိရသည်။

၂၀၂၅ ခုနှစ်တွင် ကြောက်မက်ဖွယ်ပိုလီယိုဗိုင်းရပ်စ်ကို တိုက်ဖျက်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းနေကြောင်း ဝန်ကြီးချုပ်က ဩဂုတ် ၁၀ ရက်ကပြုလုပ်သည့် ပိုလီယိုတိုက်ဖျက်ရေးအစည်းအဝေးတွင် ပြောသည်။ ပိုလီယိုရောဂါပပျောက်ရေးအတွက် နိုင်ငံတော်၏အရင်းအမြစ်အားလုံးကို အသုံးပြုလျက်ရှိပြီး ပါကစ္စတန်ရှိ ကလေးတိုင်းကို ပိုလီယိုကာကွယ်ဆေးပေးသွားမည်ဟု ၎င်းက ဆက်ပြောသည်။

ပါကစ္စတန်တွင် ယခုနှစ်အတွင်း ပိုလီယိုရောဂါဖြစ်ပွားသူ ၁၄ ဦး တွေ့ရှိထားသည်။ ရောဂါဖြစ်ပွားသူ ၁၁ ဦးမှာ အနောက်တောင်ပိုင်းပြည်နယ်ဖြစ်သည့် ဘလိုချစ်စတန်ပြည်နယ်မှဖြစ်သည်။ နှစ်ဦးမှာ တောင်ပိုင်းဆင်းဒ်ပြည်နယ်မှဖြစ်ပြီး တစ်ဦးမှာ ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းမှ ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့မှုများကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အစည်းအဝေးပြုလုပ်မည်

**ဂျီနီဗာ ဩဂုတ် ၁၁**

အာဖရိကအလယ်ပိုင်းတွင် မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့မှုများကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အရေးပေါ်အစည်းအဝေးပြုလုပ်သွားမည်ဖြစ်ပြီး အာဖရိကပြင်ပတွင်လည်း ကူးစက်ပျံ့နှံ့နိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုသည် အများပြည်သူကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် အပြည်ပြည်ဆိုင်ရာမှ စိုးရိမ်ဖွယ်ရှိသည့်အတွက် ဩဂုတ် ၁၄ ရက်တွင်ကျွမ်းကျင်သူများကော်မတီက အစည်းအဝေးပြုလုပ်သွားမည်ဖြစ်သည်။ မျောက်ကျောက် ရောဂါသည် ဗိုင်းရပ်စ်မှတစ်ဆင့် ကူးစက်သည့်ရောဂါဖြစ်ပြီး အဖျားတက်ခြင်းနှင့် အဖုအပိမ့်များ ထွက်ခြင်းမှာ ၎င်း၏ ရောဂါလက္ခဏာများဖြစ်သည်။ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် ယခုနှစ်အတွင်း ဆိုးရွားသည့် မျောက်ကျောက်ရောဂါဖြစ်ပွားမှုနှင့် ကြုံတွေ့ရသည်။ ရောဂါဖြစ်ပွားသူ ၁၄၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၅၁၁ ဦးရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက ပြောသည်။

ကင်ညာနှင့် ရဝမ်ဒါကဲ့သို့သော အိမ်နီးချင်းနိုင်ငံများတွင်ပါ ရောဂါကူးစက်ပျံ့နှံ့မှု ရှိနေပြီဟု ၎င်းကဆက်ပြောသည်။ အာဖရိကပြင်ပတွင်လည်း မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့လာနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏အကြီးအကဲက သတိပေးခဲ့သည်။

လက်ရှိဖြစ်ပွားနေသည့် မျောက်ကျောက်ရောဂါသည် ၂၀၂၂ ခုနှစ်က ဖြစ်ပွားခဲ့သော ကူးစက်ရောဂါနှင့် ကွဲပြားသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ လက်ရှိအမျိုးအစားသည်ပြင်းထန်သောလက္ခဏာများ ဖြစ်စေနိုင်သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# တစ်နှစ်အတွင်း အာဖဂန်ဒုက္ခသည် ၁ ဒသမ ၈ သန်းနီးပါး နေရပ်သို့ပြန်လည်ရောက်ရှိ

**ကဘူးလ် ဩဂုတ် ၁၁**

ပြီးခဲ့သည့် ၁၂ လအတွင်း ပါကစ္စတန်၊ အီရန်နှင့် အခြားနိုင်ငံများမှ အာဖဂန်ဒုက္ခသည် စုစုပေါင်း ၁၇၇၉၆၀၃ ဦးသည် ၎င်းတို့နေရပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေး ဝန်ကြီးဌာနက ဩဂုတ် ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

လတ်တလော နိုင်ငံခြားတိုင်းပြည်များတွင် အိုးအိမ်မဲ့ဒုက္ခသည် ခုနစ်သန်းနှင့် အာဖဂန်နစ္စတန်တွင် သုံးသန်းခန့်ရှိကြောင်း ဒုတိယဝန်ကြီး မော်လဝီအဗ္ဗဒူ ရာ့မန်ရှာရှစ်က ပြောကြားသည်။ လက်ရှိတွင် ပြည်နယ် ၂၉ ခုရှိ ၄၆ မြို့နယ်၌ ဒုက္ခသည်များ နေထိုင်လျက်ရှိကြောင်း ဝန်ကြီးဌာနဆိုင်ရာအစီအစဉ်နှင့် မူဝါဒရေးရာ အကြီးအကဲ မော်လဝီ မာမွတ်အူဟတ်အာဟာဒီက ပြောသည်။

အာဟာဒီ၏အဆိုအရ အာဖဂန်ရွှေ့ပြောင်းနေထိုင်သူများနှင့် နေရပ်ပြန်သူများ ရင်ဆိုင်နေရသော ပြဿနာများကို ဖြေရှင်းရန်အတွက် ဝန်ကြီးဌာနအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများ၊ အေဂျင်စီခုနစ်ခု၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်း ၁၄ ခုတို့နှင့် နားလည်မှုစာချွန်လွှာ ၉၃ ခု လက်မှတ်ရေးထိုးထားကြောင်း ပြောကြားသည်။

နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အာဖဂန်ပြည်တွင်း အိုးအိမ်မဲ့များနှင့် ပြန်လည်ရောက်ရှိလာသော မိသားစုပေါင်း ၇၈၀၀၀၀ ကျော်သည် ငွေကြေး၊ စားသောက်ကုန်များနှင့် အသုံးအဆောင်ပစ္စည်းများကို လက်ခံရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

# ယခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ရော်ဘာတင်ပို့မှုမှ ဒေါ်လာ ၂၆၉ သန်းရရှိ

**ဖနောင်ပင် ဩဂုတ် ၁၁**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမခုနစ်လအတွင်း သဘာဝရော်ဘာစေး ၁၇၃၉၁၅ တန် တင်ပို့နိုင်ခဲ့သဖြင့် ယမန်နှစ် အလားတူကာလထက် ၁ ဒသမ ၇၂ ရာခိုင်နှုန်း တိုးလာကြောင်း ရော်ဘာထုတ်ကုန်ရေးရာ ညွှန်ကြားမှုဦးစီးဌာနက ဩဂုတ် ၁၁ ရက်က ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ကုန်စည်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၆၉ သန်း ရရှိခဲ့သဖြင့် ယမန်နှစ် အလားတူကာလအတွင်း ရရှိခဲ့သည့် ဝင်ငွေ ဒေါ်လာ ၂၃၉ ဒသမ ၃ ထက် ၁၂ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုရရှိခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ပထမခုနစ်လအတွင်း ရော်ဘာစေးတစ်တန်လျှင် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၁၅၄၇ ဒေါ်လာခန့်ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၁၄၇ ဒေါ်လာခန့် ဈေးမြင့်တက်ခဲ့ကြောင်း ရော်ဘာထုတ်ကုန်ရေးရာ ညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ခွန်ကာကာဒါက ပြောကြားသည်။

ကုန်ပစ္စည်းများကို မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့သို့ အဓိကတင်ပို့ခဲ့ပြီး အစီရင်ခံစာအရ ကမ္ဘောဒီးယားသည် ယခုအချိန်အထိ ရော်ဘာ ၄၀၇၁၇၂ ဟက်တာ စိုက်ပျိုးထားပြီး ၃၂၀၁၈၄ ဟက်တာမှ ရော်ဘာစေးထုတ်လုပ်နေပြီဖြစ်သည်။

**ဆင်ဟွာ**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့



## အူဒီးနိစ်အသင်းသို့ အာဆင်နယ်နှင့် မန်ယူ တိုက်စစ်ကစားသမားဟောင်း ဆန်းချက်ဇ်ပြောင်းရွှေ့

အာဆင်နယ်နှင့် မန်ယူတိုက်စစ်ကစားသမားဟောင်း အလက်ဇစ် ဆန်းချက်ဇ်သည် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အူဒီးနိစပ်ကလပ်သို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။

အသက် ၃၅ နှစ်အရွယ် ဆန်းချက်ဇ်သည် ဇူလိုင်လတွင် အင်တာမီလန်အသင်းနှင့် ၎င်း၏ စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် အသင်းလက်မဲ့နေသူ ဖြစ်သည်။ အူဒီးနိစ်အသင်း၌ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကစားခဲ့ဖူးသော ဆန်းချက်ဇ်သည် အသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ ၎င်းသည် ၂၀၁၄ခုနှစ်တွင် ဘာစီလိုနာအသင်းမှ အာဆင်နယ် အသင်းသို့ ပြောင်းရွှေ့ပြီးနောက်ပွဲပေါင်း ၁၆၆ ပွဲတွင်သွင်းဂိုးပေါင်း ၈၀ သွင်းယူပေးထားနိုင်သည်။ ဆန်းချက်ဇ်သည် ၂၀၁၉ ခုနှစ်တွင် အင်တာမီလန်အသင်းသို့ အငှားထွက်ကစားပြီး နောက်တစ်နှစ်တွင် အမြဲတမ်းစာချုပ်ချုပ်ဆိုခဲ့သည်။

## ပဲလေ့စ်ခံစစ်ကစားသမား အန်ဒါဆန်ကို ပေါင်သန်း ၂၀ ဖြင့် ဖူလ်ဟမ်အသင်း ကမ်းလှမ်း

ဖူလ်ဟမ်အသင်းသည် ခရစ္စတယ်ပဲလေ့စ် ဗဟိုခံစစ်ကစားသမား ဂျိုအားချင် အန်ဒါဆန်ကို ပေါင် သန်း ၂၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သိရသည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်တွင် လိုင်ယွန်အသင်းမှ ခရစ္စတယ်ပဲလေ့စ် အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ဖူလ်ဟမ်အသင်းသည် အက်ဒရာဘိုင်အိုယိုက ချယ်ဆီး၊ တင်ရီးမ်က ချာလေ့သ်တီအသင်းတို့သို့ ပြောင်းရွှေ့သွားပြီးနောက် ၎င်းတို့၏ ခံစစ်အင်အားကို ဖြည့်တင်းလုပ်ဆောင်လျက်ရှိသည်။ အန်ဒါဆန်သည် မိခင်နိုင်ငံ ဒိန်းမတ် အသင်းအတွက် ၃၆ ပွဲ ပါဝင် ကစားထားသည်။



## လီဗာပူးတိုက်စစ်ကစားသမား ကာဗယ်ဟိုကို ခေါ်ယူရန် ဘရန့်ဖို့ဒ်အသင်း သဘောတူညီမှု ရရှိ




လီဗာပူးအသင်းသည် ဖေဘီယို ကာဗယ်ဟိုကို အပိုဆုကြေးအပါအဝင် ပေါင် ၂၇ ဒသမ ၅ သန်းဖြင့် ဘရန့်ဖို့ဒ်အသင်းထံ ရောင်းချရန် သဘောတူလိုက်ကြောင်း သိရသည်။

ကာဗယ်ဟိုသည် ပြီးခဲ့သည့်ရာသီတွင် ချန်ပီယံရှစ်ကလပ် ဟူးလ်စီးတီးအသင်းတွင် အငှားကစားခဲ့သူဖြစ်ပြီး ပွဲ ၂၀ တွင် ကိုးဂိုးသွင်းယူထားနိုင်သည်။ လီဗာပူးအသင်းသည် တိုက်စစ်ကစားသမား ကာဗယ်ဟိုကို ၂၀၂၂ ခုနှစ်တွင် ဖူလ်ဟမ်အသင်းမှ ပေါင် ငါးသန်းဖြင့် ခေါ်ယူထားခြင်းဖြစ်သည်။ ၎င်းကို ဘရန့်ဖို့ဒ်အသင်းအပြင် ဆောက်သမ်တန်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

## ပါရီအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမေရိကန်က ဘရာဇီးကို နိုင်ပွဲရယူပြီး ရွှေတံဆိပ်ဆွတ်ခူး

ပါရီအိုလံပစ် ၂၀၂၄ အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် နာမည်ကြီး ဘရာဇီးနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်အသင်းက ပွဲချိန် ၅၇ မိနစ်တွင် ရရှိခဲ့သော စွမ်ဆန်း၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိကာ အိုလံပစ်ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။



အဆိုပါ ပွဲစဉ်ကို ဩဂုတ် ၁၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၄၃ ၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ဘရာဇီးအသင်းသည် ပြိုင်ဘက်အမေရိကန်အသင်းကို ခြေစွမ်းအသာဖြင့် ပွဲချိန်တစ်လျှောက် တစ်ဖတ်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးများကို ဖြုန်းတီးပစ်ခဲ့သည့်အတွက် ရှုံးပွဲကြုံတွေ့ကာ ရွှေတံဆိပ်ဆွတ်ခူးခွင့် လွဲချော်ခဲ့သည်။

အမေရိကန်အသင်းက ဘရာဇီးအသင်းဘက်သို့ ရုံဖန်ရံခါထိုးဖောက်တိုက်စစ်ဆင်မှုများမှ ရရှိလာသည့် အပိုင်အခွင့်အရေးကို အမိအရအသုံးချကာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည့်အတွက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

### နောက်ဆုံးရအားကစားသတင်းတိုများ

- ဘရိုက်တန်မှ အသက် ၁၉ နှစ်အရွယ် အိုင်ယာလန်တိုက်စစ်ကစားသမား အီဗန် ဖာဂူဆန်ကို ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရန် မန်ယူအသင်း စဉ်းစားနေသည်။
- ဗီလာနှင့် ဘက်တစ်အသင်းတို့သည် စပါးမှ အာဂျင်တီးနားကွင်းလယ်ကစားသမား လိုဆဲလ်ဆိုကို ခေါ်ယူလိုနေသည်။
- ဘာစီလိုနာခံစစ်ကစားသမား အဂျာယို (၂၈နှစ်) ကို ဘုန်းမောက်အသင်း ခေါ်ယူရန် နီးစပ်နေကြောင်း သိရသည်။

မိုးဇက် - စုစည်းသည်

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၁

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “Thant Zin Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(ဇ) ရပ်ကွက်နေ သန့်ဇင်အောင်အား နံနက် ၁ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ “Ma Ma Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၃) ရပ်ကွက်နေ မေနွယ်မိုး(ခ) ပုံ့ပုံ့အား ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ် နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Fake Fur Fabric မီတာ ၁၁၅၀၀ Article of Use-Screen Net ခြင်လုံဆန်ခါ ကီလိုဂရမ် ၃၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၃၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ)၌ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်တင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ် Bacillus Clausil Spore Suspension ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး ၁၀ ဘူးနှင့် ကိုရီးယားနိုင်ငံထုတ် Flash Lamp မီးအိမ်နှစ်ခုအပါအဝင် ကုန်ပစ္စည်း ၃၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀) ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ ကျိုင်းတုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် 100% Polye-ster ကီလိုဂရမ် ၁၇၀၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၃၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ဖမ်းဆီးရမိမှု။

### ဖမ်းဆီးရမိ

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်အတွင်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၄၂၀၊ ဓာတ်ဆီဂါလန် ၃၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၅၆၄၄၀)ကို လည်းကောင်း၊ ဩဂုတ် ၉ ရက်တွင် ဖျာပုံခရိုင်အတွင်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၇၀၊ ဓာတ်ဆီ ၆၅ ဂါလန်၊ ဆီပန့်သုံးလုံးအပါအဝင် ဆက်စပ်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၈၂၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၃၈၄၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းအနီး၌ လိုင်စင်မဲ့ Toyota BB မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်

ယင်းအပြင် ဩဂုတ် ၉ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဗလမင်းထင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ် ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် စက်သုံးဆီ ဒီဇယ်ဆီဂါလန်၁၃၆၅၀၊ ကြက်သွန်ဖြူ ကီလိုဂရမ် ၁၄၀၀၀၊ စားတော်ပဲကီလိုဂရမ် ၂၄၀၀၀၊ Semi-Refined Paraffin Wax ကီလိုဂရမ် ၄၀၀၀၊ Solar Panel 600 W ၂၁၆ ချပ်၊ Hydraulic Hose မီးကြိုး ကီလိုဂရမ် ၄၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၈၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Turck ငါးစီးနှင့် I Zone Oil Bowser ဆီသယ်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၈၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် K-Broad Wireless Speaker ၃၁ လုံးအပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၇၂၀၈၄၄၀ ဖြစ်

သို့ဖြစ်ပါ၍ ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၂၀၈၄၄၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ဗီယက်နမ်ကလပ်နှင့် အဝေးကွင်းစတင်ကစားရမည်

**ရန်ကုန် ဩဂုတ် ၁၁**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် ၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲများကို ဩဂုတ် ၂၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း စတင်ကစားရမည်ဖြစ်သည်။

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည်ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး ဘရူနိုင်းကလပ် ကာဆူကာအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုပွဲများကို ခြောက်သင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် BG ပါသွန်ယူနိုက်တက် (ထိုင်း)၊ တီရန်ဂါနူး (မလေးရှား)၊ ထန်ဟွာ (ဗီယက်နမ်)၊ မာကာဆာ (အင်ဒိုနီးရှား)၊ Preah Khan Reach Svay Rieng (ကမ္ဘောဒီးယား)၊ ရှမ်းယူနိုက်တက် (မြန်မာ)၊ အုပ်စု (ခ) တွင် ဘူရီရမ်ယူနိုက်တက် (ထိုင်း)၊ ကွာလာလမ်ပူစီးတီး (မလေးရှား)၊ ဟန်ွိုင်း (ဗီယက်နမ်)၊ ဘော်နီယို (အင်ဒိုနီးရှား)၊ ကာယာ (ဖိလစ်ပိုင်)၊ Lion City Sailors (စင်ကာပူ)တို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုငါးပွဲအနက် နှစ်ပွဲကို အိမ်ကွင်း၊ သုံးပွဲကို အဝေးကွင်း ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၂၁ ရက်တွင် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းနှင့် အဝေးကွင်း၊ စက်တင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် အဝေးကွင်း၊ ဇန်နဝါရီ ၈ ရက်တွင်မလေးရှားကလပ် တီရန်ဂါနူးအသင်းနှင့် အိမ်ကွင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် အိမ်ကွင်း၊ ဖေဖော်ဝါရီ ၅ ရက်တွင် ကမ္ဘောဒီးယားကလပ်Preah Khan Reach Svay Rieng အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုပြိုင်ပွဲအပြင် အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် AFC Challenge League ပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။



အာဆီယံကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည့် ရှမ်းယူနိုက်တက်အသင်း။

ရဲရင့်လွင်၊ ဓာတ်ပုံ - သော်လေး

# အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့တွင် နိုင်ငံတကာအသိုက်အဝန်း၏ အာရုံစူးစိုက်မှုရရှိစေရန်နှင့် ယနေ့ခေတ် ကမ္ဘာ့လူ့အဖွဲ့အစည်းတွင် မိတ်ဖက်များအဖြစ် လူငယ်များ၏ စွမ်းဆောင်ရည်များနှင့် ကြိုးစားအားထုတ်မှုများကို ဂုဏ်ပြုရန်ကျင်းပခဲ့ခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် စတင်၍ ကုလသမဂ္ဂက သတ်မှတ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် စတင်ကျင်းပခဲ့ရာ ယခုအကြိမ်သည် (၂၄) ကြိမ်မြောက်ဖြစ်သည်။ အဆိုပါနေ့ဖြစ်ပေါ်လာရခြင်း၏ ရည်ရွယ်ချက်သည် လူငယ်များ မိမိမွေးဖွားရာနိုင်ငံ၏ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် ဥပဒေရေးရာကိစ္စရပ်များကို အာရုံစိုက်လာစေရန်ဖြစ်သည်။

**ဟံသာညို(ပဲခူး)**

### အနာဂတ်အတွက် ဒစ်ဂျစ်တယ်ကျွမ်းကျင်သည့် လူငယ်များလိုအပ်

ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းသည် ကျွန်ုပ်တို့၏ ကမ္ဘာကြီးကို တိုးတက်ပြောင်းလဲခြင်းများ ဖြစ်ပေါ်စေပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်ရန် အခွင့်ထူးများအဖြစ် စွမ်းဆောင်ပေးသည်။ မိုဘိုင်းကိရိယာများ၊ ဝန်ဆောင်မှုများနှင့် ဉာဏ်ရည်တုကဲ့သို့သော ဒစ်ဂျစ်တယ် နည်းပညာများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs)ကို မြှင့်တင်ရာတွင် အလွန်အရေးကြီးသည်။ ဒစ်ဂျစ်တယ် အပြန်အလှန်ဆက်သွယ်မှုများမှ ဖော်ထုတ်ပေးသည့် သတင်းအချက်အလက်များသည် ပိုမိုကောင်းမွန်သည့် လမ်းညွှန်ချက်များကို ဖြစ်ပေါ်စေသည့်အတွက် ဒစ်ဂျစ်တယ်ကျွမ်းကျင်စွာ အသုံးချနိုင်သည့် လူငယ်များ အထူးလိုအပ်လျက်ရှိပါသည်။

ယနေ့ခေတ် လူငယ်အများစုသည် ဒစ်ဂျစ်တယ် အသုံးချခြင်းနှင့် ဆန်းသစ်တီထွင်မှုများတွင် ဝင်ငွေအများဆုံးရရှိအောင် စွမ်းဆောင်နိုင်သူများဖြစ်ကြပြီး ၂၀၂၂ ခုနှစ်တွင် အသက် ၁၅ နှစ်မှ ၂၄ နှစ်ကြားရှိ လူငယ်လေးပုံသုံးပုံသည် အခြားအသက်အရွယ်အုပ်စုများထက် အင်တာနက်အသုံးပြုနှုန်း ပိုမိုများပြားလာသည်။ အထူးသဖြင့် ဝင်ငွေနည်းသော နိုင်ငံများနှင့် အင်တာနက်၊ ဒစ်ဂျစ်တယ် ကျွမ်းကျင်မှု နည်းပါးလေ့ရှိသော နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များ ရှိနေသေးသည်ကို တွေ့ရှိရသည်။ နိုင်ငံတိုးတက်ပြောင်းလဲရေးတွင် ဒစ်ဂျစ်တယ်အရေးပါမှု အထူးလိုအပ်နေသည့်အတွက် ပြောင်းလဲမှုနှင့် ပြဿနာရင်းမြစ်များကို ဖြေရှင်းရေးတွင် နည်းပညာကို အသုံးပြုသည့် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ လူငယ်များ၏ လုပ်ဆောင်ချက်များသည်လည်း အသိအမှတ်ပြုခံနေရပြီဖြစ်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs)အတွက် ၂၀၃၀ ပြည့်နှစ် နောက်ဆုံးရက် နီးကပ်လာသည်နှင့်အမျှ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုတွင် လူငယ်များ၏ အခန်းကဏ္ဍသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် မရှိမဖြစ် လိုအပ်လှပေသည်။

လူငယ်များ၏ ဒစ်ဂျစ်တယ်ပံ့ပိုးကူညီမှုများကို အသိအမှတ်ပြုပြီး ဂုဏ်ပြုခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပိုမိုဆန်းသစ် သစ်လွင်သည့်တီထွင်မှုများကို ပုံဖော်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှုများရရှိနိုင်ရန် လှုံ့ဆော်မှုမျိုးကို ဖန်တီးပေးနိုင်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs)များကို ကိုင်တွယ်ဖြေရှင်းနိုင်သော လူငယ်များ ဦးဆောင်သည့် အဖွဲ့အစည်းများ (သို့မဟုတ်) လူငယ်များ ပူးပေါင်းပါဝင်နိုင်သည့် ဒစ်ဂျစ်တယ် နည်းပညာသစ်များ ဖော်ထုတ်နိုင်ရန် နိုင်ငံတကာမှ ဦးဆောင်လူငယ်များကို ဖိတ်ကြားဆောင်ရွက်သင့်သည်။

> **“သဘာဝတရားကြီးသည် လူသားအားလုံးအတွက် အချိန်ကို တန်းတူညီမျှပေးထားပြီးဖြစ်သည်။ ယင်းအချိန်ကို အကျိုးရှိစွာ အသုံးချခြင်းနှင့် အကျိုးမဲ့စွာ ဖြုန်းတီးခြင်းများကြောင့်သာ ရလာသည့်ရလဒ်များ ကွဲပြားခြားနားနေကြခြင်းဖြစ်သည်။ ငယ်ရွယ်နုပျိုမှုသည် နှစ်ခါပြန်မရနိုင်သည့် အခွင့်အရေးပင်ဖြစ်သည်။ ယင်းအခွင့်အရေးကို အဆုံးစွန်အထိ အသုံးချကာ အောင်မြင်တက်ကြွသည့် ခြေလှမ်းသစ်များဖြင့် အနာဂတ်သစ်ဆီသို့ လျှောက်လှမ်းနိုင်”**

### လူငယ်ကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ တွေ့ဆုံ၍ ဩဝါဒစကား ပြောကြားရာတွင် “မောင်တို့မယ်တို့ လူငယ်များသည် ပြည့်ခွန်အားများဖြစ်သကဲ့သို့ နိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များလည်း ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်မောင်မယ်များ၏ စွမ်းဆောင်ရည်ပေါ်တွင် များစွာမူတည်နေကြောင်း၊ ထို့ကြောင့် လူငယ်မောင်မယ်များအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ပညာရယူနိုင်သည့် နည်းလမ်းအသွယ်သွယ်မှ မိမိတို့ကိုယ်တိုင် အပတ်တကုတ် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရန်အတွက် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော် လူကောင်းများ ဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း”ပြောကြားထားသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်က “လူငယ်များအား အဖိုးတန်လူငယ်များဖြစ်စေရန်နှင့် မိမိနေထိုင်ရာ လူ့အဖွဲ့အစည်းပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သည့် အလေ့အကျင့်ကောင်းများ အစဉ်အမြဲ ကိန်းအောင်းနေစေရန်လည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ “မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်”ဆိုသည့် ကျောင်းကောင်းစီကတိကဝတ်နှင့်အညီ မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက်ပါ အကျိုးရှိသည့် စံပြလူငယ်မောင်မယ်များဖြစ်အောင် ကြိုးပမ်းထိန်းသိမ်းသွားကြရန်” တိုက်တွန်းပြောကြားထားသည်။

> ○ **မိမိ၏ဂုဏ်သတင်းသည် မိမိ မိသားစု၏ ဂုဏ်သတင်းဖြစ်သည်၊ မိမိသားသမီး၏ ဂုဏ်သတင်းဖြစ်သည်။ မြန်မာဆိုရိုးစကားတွင် “စမ်းရေဘယ်လောက်အေးအေး၊ စန္ဒကူးဘယ်လောက်မွှေးမွှေး လောကတွင် အအေးဆုံး၊ အမွှေးဆုံးမှာ ကိုယ်ကျင့်တရားပင်ဖြစ်သည်”ဟု အဆိုရှိသည်ကို ကြည့်ခြင်းအားဖြင့် ကိုယ်ကျင့်တရားကို ခါးဝတ်ပုဆိုးကဲ့သို့ ခိုင်မာမြဲမြံစွာ စောင့်ထိန်းရမည်**

### ကိုယ်ကျင့်တရားကောင်းမွန်သည့် လူငယ်များဖြစ်ရန်လို

ကိုယ်ကျင့်တရား ကောင်းမွန်ရေးဆိုသည်မှာ ယခုရေတွင်းတူး၊ ယခုရေကြည်သောက်၍မရဘဲ ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ရသော အရာတစ်ခုဖြစ်ပါသည်။ ကိုယ်ကျင့်တရားဆိုသည်မှာ လုပ်သင့်သည်ကိုလုပ်ခြင်း (စာရိတ္တသီလ)နှင့် မလုပ်သင့်သည်ကိုမလုပ်ခြင်း (ဝါရိတ္တသီလ)ပင်ဖြစ်သည်။ ကိုယ်ကျင့်တရားကို အင်္ဂလိပ်ဘာသာစကားဖြင့် Morality ဟု ခေါ်ဆိုပြီး ဂုဏ်ဒြပ်တစ်ခု၊ လူတစ်ယောက်၏အဆင့်အတန်းကို တိုင်းတာသော ပေတံတစ်ခု၊ အကောင်းဆုံး အဆင်တန်ဆာတစ်ခုအဖြစ် မှတ်ယူကျင့်သုံးကြပါသည်။ “လူသေသော်လည်း နာမည်မသေ” ဆိုသည့် စကားအတိုင်း လူတစ်ယောက်သည် ကိုယ်ကျင့်တရားကောင်းမွန်မည်ဆိုပါက ၎င်းကျင်လည်ရာပတ်ဝန်းကျင်တွင် လူသေသည့်တိုင်အောင် နာမည်ဂုဏ်သတင်း မွှေးပျံ့နေမည်ဖြစ်ပါသည်။ မိမိ၏ဂုဏ်သတင်းသည် မိမိမိသားစု၏ ဂုဏ်သတင်းဖြစ်သည်၊ မိမိသားသမီး၏ ဂုဏ်သတင်းဖြစ်သည်။ မြန်မာဆိုရိုးစကားတွင် “စမ်းရေဘယ်လောက်အေးအေး၊ စန္ဒကူးဘယ်လောက်မွှေးမွှေး လောကတွင် အအေးဆုံး၊ အမွှေးဆုံးမှာ ကိုယ်ကျင့်တရားပင်ဖြစ်သည်”ဟု အဆိုရှိသည်ကို ကြည့်ခြင်းအားဖြင့် ကိုယ်ကျင့်တရားကို ခါးဝတ်ပုဆိုးကဲ့သို့ ခိုင်မာမြဲမြံစွာ စောင့်ထိန်းရမည် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံအတွင်းတွင် ကိုယ်ကျင့်တရားကောင်းမွန်သည့် လူငယ်များ အထူးလိုအပ်လှပေသည်။

### ရှင်သန်နေသရွေ့ လေ့လာနေရမည်

တစ်နေ့ထက်တစ်နေ့ တိုးတက်ကောင်းမွန်သည့် လူငယ်များအဖြစ် ပြောင်းလဲဖို့ရန်အလို့ငှာ အစဉ်အမြဲ လေ့လာသင်ယူနေရမည်ဖြစ်သည်။ “ရှင်သန်နေသရွေ့ လေ့လာနေရမည်” စကားရပ်ကို လက်ကိုင်ထားကာ ဘဝရှင်သန်အောင်မြင်ရေးအတွက် ရေရှည်ပန်းတိုင်ကိုမျှော်မှန်းပြီး အချိန်ရှိခိုက် လုံ့လစိုက်ထုတ်နေရမည်ဖြစ်သည်။ မည်သည့်ဘွဲ့များ ရနေစေကာမူ ရပ်တန့်နေ၍မရဘဲ လေ့လာမှုများ အမြဲတမ်းလုပ်ဆောင်နေရမည်ဖြစ်သည်။ တတ်နိုင်သည့်မိဘက မွေးဖွားသည့် လူငယ်များသည် အထောက်အပံ့ကောင်းများရရှိကြသည့်အတွက် တက္ကသိုလ်ဘွဲ့များ လွယ်လင့်တကူ ရယူနိုင်ကြသည်များရှိသည်။ ထို့အတူ အလုပ်တစ်ဖက်နှင့် ဘွဲ့ရရှိအောင် ကြိုးစားနေကြရသည့် လူငယ်များလည်း ရှိနေကြပေသည်။ မည်သို့ပင်ဖြစ်စေကာမူ အားလုံးသည် ရှင်သန်နေသရွေ့ လေ့လာနေကြရမည်ဖြစ်ပေသည်။ သို့မှသာ ပြောင်းလဲတိုးတက်နေသည့်ခေတ်ကို အမီလိုက်နိုင်မည်ဖြစ်သည်။

သဘာဝတရားကြီးသည် လူသားအားလုံးအတွက် အချိန်ကို တန်းတူညီမျှပေးထားပြီးဖြစ်သည်။ ယင်းအချိန်ကို အကျိုးရှိစွာ အသုံးချခြင်းနှင့် အကျိုးမဲ့စွာ ဖြုန်းတီးခြင်းများကြောင့်သာ ရလာသည့်ရလဒ်များ ကွဲပြားခြားနားနေကြခြင်းဖြစ်သည်။ ငယ်ရွယ်နုပျိုမှုသည် နှစ်ခါပြန်မရနိုင်သည့် အခွင့်အရေးပင်ဖြစ်သည်။ ယင်းအခွင့်အရေးကို အဆုံးစွန်အထိ အသုံးချကာ အောင်မြင်တက်ကြွသည့် ခြေလှမ်းသစ်များဖြင့် အနာဂတ်သစ်ဆီသို့ လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ခြွေရင်း အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါသည်။ ။

---

## စလင်းမြို့နယ်၌ ပန်းခင်းစီမံချက် အဆင့်(၃) ကွင်းဆင်းဆောင်ရွက်

စလင်း ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး စလင်းမြို့ပေါင်းနားရပ်ကွက် မင်းအာကာမြွေရုံဘုရားတန်ဆောင်းအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ပေါင်းနားရပ်ကွက်အတွင်းရှိ ကျောင်းသား ကျောင်းသူလူငယ်များနှင့် ရပ်ကွက်နေပြည်သူများအား ယနေ့နံနက်ပိုင်းက ပန်းခင်းစီမံချက် အဆင့် (၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်များ လူတိုင်းကိုင်ဆောင်နိုင်ရန်အတွက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ရပ်ကွက်ကျေးရွာများအတွင်း ကွင်းဆင်း၍လည်းကောင်း၊ ပေါင်းနားရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မောင်လွင် (စလင်း)

# မုံရွာမြို့ တိပိဋကာလင်္ကာရသာမဏေကျော် ကျောင်းတိုက်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မုံရွာ ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ တိပိဋကာလင်္ကာရသာမဏေကျော် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်ကြီး အတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ ဩဂုတ် ၁၀ ရက်က ဆောင်ရွက်သည်။

ယင်းနောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေသူများ၊ ရပ်ကွက်နေပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တန်ဖိုးသင့်စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် စားသုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့ကြသူများအား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခုမှ မြို့နယ် ၃၇ မြို့နယ်တို့တွင်လည်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များဖြင့် ဘုန်းတော်ကြီးကျောင်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(မြန်/ဆက်)**



# မကွေးတက္ကသိုလ် သန့်ရှင်းသာယာလှပစေရန် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မကွေး ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များတွင် မြို့ရွာသန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံဆေးခန်းများ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးတို့အတွက် အပတ်စဉ် (စနေနေ့တိုင်း) စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် မကွေးတက္ကသိုလ်၌ ဌာနဆိုင်ရာများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတပ်နယ်မှ တပ်မတော်သားများ၊ အမျိုးသမီးရေးရာ/ မိခင်နှင့်ကလေး အသင်းအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတလူမှုကူညီရေးအဖွဲ့ အစည်းများ စုပေါင်း၍ တက္ကသိုလ်အတွင်းရှိ ချုံနွယ်များ၊ သစ်ကိုင်း၊ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ဆယ်ယူခြင်း၊ အမှိုက်ကားများဖြင့် စနစ်တကျသိမ်းဆည်းစွန့်ပစ်ခြင်းများ ဆောင်ရွက်ခြင်းဖြစ်ပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုရားစေတီပုထိုးများ၊ ဌာနဆိုင်ရာရုံး အဆောက်အအုံများ၊ စာသင်ကျောင်း၊ ဆေးရုံများ သန့်ရှင်းသာယာလှပစေရေးနှင့် ပြည်သူများ ကျန်းမာရေးဆိုင်ရာ အထောက်အကူဖြစ်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကိုလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အပတ်စဉ် (စနေနေ့တိုင်း) ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ**

# သုံးခွမြို့နယ်၌ တီဘီရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

သုံးခွ ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းမှ ပြည်သူများအား တီဘီရောဂါကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းကို မြို့နယ်ကြက်ခြေနီသူနာပြု တပ်ဖွဲ့မှူးဦးဝင်းနိုင်ဦးဆောင်သော တပ်ဖွဲ့ဝင်များက ဩဂုတ် ၁၀ ရက်တွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်သည်။

ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များဖြစ်သော အမှတ်(၁)၊ (၂)၊ (၃)၊ (၅)၊ (၇)နှင့် (၉)ရပ်ကွက်များသို့ ကွင်းဆင်း၍ စုရပ်များ၌ ရပ်ကွက်နေပြည်သူများအား တီဘီရောဂါဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ရောဂါကူးစက်ပုံ၊ ရောဂါလက္ခဏာများ၊ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ရှောင်ရန် ဆောင်ရန်အချက်များ၊ ရောဂါဖြစ်လာပါက စနစ်တကျကုသရန် လိုအပ်ပုံနှင့် ကုသရန်ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ပြီး ရပ်ကွက်နေပြည်သူများ သိရှိလိုသည့် မေးမြန်းမှုများကိုလည်း ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။

**ကိုကျော် (သုံးခွ)**



# မြိတ်မြို့၌ ရေပေါ်ဆိုလာလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဒေသခံများအား ရှင်းလင်း

မြိတ် ဩဂုတ် ၁၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်တော်မင်္ဂလာ ရေကန်အတွင်း၌ Myanmar Solor Power Tranding ကုမ္ပဏီလီမိတက်က ရေပေါ်ဆိုလာ လျှပ်စစ်ဓာတ်အားပေးစက်ရုံ (Floating Solar Power Plant) တည်ဆောက်ရေး စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံများအား ရှင်းလင်းဆွေးနွေးခြင်းနှင့် သဘောထားရယူခြင်းကို ဩဂုတ် ၁၀ ရက်က ပုလဲရတနာခန်းမတွင် ကျင်းပသည်။

ရှင်းလင်း ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီးဦးမောင်ကြီးက အမှာစကားပြောကြားပြီး Myanmar Solor Power Tranding ကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဒေါက်တာဝင့်ဝင့်ကျော်က ရေပေါ်ဆိုလာ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေး စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။



ရေပေါ်ဆိုလာ လျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်းတွင် ဆိုလာအချပ်ရေ ၇၄၈၈ ချပ် တပ်ဆင်မည်ဖြစ်ကာ ဆိုလာစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ၄ ဒသမ ၀၈ မီဂါဝပ် ထုတ်လုပ်အသုံးပြုနိုင်မည် ဖြစ်ကြောင်း၊ ဆိုလာစွမ်းအင်စီမံကိန်းတွင် အင်ဗာတာ ၁၆ လုံး တပ်ဆင်မည်ဖြစ်ကာ ရေကန်အတွင်း ၇ ဒသမ ၇၇ ဧကကို အသုံးပြုဆောင်ရွက်ရန် လျာထားကြောင်း၊ အဆိုပါ စီမံကိန်းနှင့်ပတ်သက်၍ ပြည်သူများ၏ သဘောထားများကို တစ်လအတွင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပေးပို့နိုင်ကြောင်း သိရသည်။

ရေပေါ်ဆိုလာ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်းဆောင်ရွက်ရန် လျာထားသည့် ကန်တော်မင်္ဂလာရေကန်သည် ရေကန်အကျယ် ၂၂ ဒသမ ၆၄ ဧကရှိကာ မြိတ်မြို့၏ သမိုင်းဝင်ရေကန်တစ်ခုဖြစ်ပြီး မြစ်ငယ်ရပ်ကွက်၌တည်ရှိသည်။ ရေကန်အနီးတွင် အထက်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်း၊ သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်ခြေများရှိပြီး ရေကန်စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် ၂၀၁၈ ခုနှစ်က ပြန်လည်တူးဖော် ဆောင်ရွက်ထားရှိကာ ပြည်သူများ အနားယူ အပန်းဖြေနေသော ရေကန်ဖြစ်သည်။ **ခိုင်ထူး (မြန်/ဆက်)**

# မြန်မာနိုင်ငံမှ အွန်လိုင်းအသုံးပြုသူများနှင့် လက်တစ်ကမ်းသို့ရောက်လာသော AI စနစ်

မြန်မာနိုင်ငံမှ အင်တာနက်သုံးသူတိုင်းအတွင်ကျယ်ဆုံး အသုံးပြုနေသော Google ၏ AI စနစ်ဖြစ်သည့် Gemini AI တွင် ယခု ဩဂုတ် ၁ ရက်မှစ၍ မြန်မာဘာသာဖြင့် အသုံးပြုရန်အတွက် စတင်ထောက်ပံ့ပေးလိုက်ပြီဖြစ်ရာ မြန်မာနိုင်ငံသားများအနေဖြင့် AI စနစ်ကို ယခင်ကထက် ပို၍လွယ်ကူစွာ အသုံးပြုနိုင်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလက စတင်ထုတ်လုပ်လိုက်သော ChatGPT ကြောင့် ကမ္ဘာတစ်ဝန်းတွင် AI နည်းပညာများကို အသုံးပြုမှုသည် တစ်ဟုန်ထိုး မြင့်တက်ခဲ့သော်လည်း မြန်မာနိုင်ငံမှ အသုံးပြုသူများအနေဖြင့်မူ ဘာသာစကားအခက်အခဲကြောင့်သော်လည်းကောင်း၊ သီးခြားပလက်ဖောင်းတစ်ခုဖြစ်သည့် ChatGPT ကို သွားရောက်အသုံးပြုရခြင်းကြောင့်လည်းကောင်း အခက်အခဲများရှိခဲ့ကာ လူငယ်အနည်းစုသာ AI နည်းပညာများကို အသုံးပြုခဲ့ကြသည်။

ChatGPT ကို အဆင့်မြှင့်လာခဲ့သော ChatGPT– 4o AI ကို ယခုနှစ် ဇူလိုင်လအတွင်းက စတင်အသုံးပြုခွင့်ရပြီးနောက်တွင် ယင်း AI သည် မြန်မာဘာသာကို နားလည်ရုံသာမက မြန်မာဘာသာဖြင့်ပါ ချောမွေ့အောင် ပြန်လည်ဖြေကြားပေးနိုင်သဖြင့် မြန်မာနိုင်ငံမှ အသုံးပြုသူများအတွက် ပို၍အဆင်ပြေလာခဲ့သည်။ သို့သော် သီးခြားပလက်ဖောင်းပေါ်တွင်ရှိနေသဖြင့် GPT Account ထပ်ဖွင့်ရန် လိုအပ်ခြင်းနှင့် စတင်သုံးစွဲလိုသူများသည် Waiting List တွင် စာရင်းပေး၍ စောင့်ရခြင်းတို့ကြောင့် အသုံးပြုသူအရေအတွက်မှာ နည်းနေခဲ့သေးသည်။

**ဂျီမေးလ်အကောင့်တစ်ခုရှိရုံဖြင့် အလွယ်တကူသုံးနိုင်**

ဂူဂဲလ်က ဩဂုတ် ၁ ရက်တွင် စတင်မိတ်ဆက်လိုက်သော Gemini AI အပ်ဒိတ်






တွင်မူ မြန်မာဘာသာကို စတင်ထောက်ပံ့ပေးလိုက်ပြီဖြစ်၍ အသုံးပြုသူများသည် ဂျီမေးလ်အကောင့်တစ်ခုရှိရုံဖြင့်ပင် ဖုန်းနှင့်ဖြစ်စေ၊ ကွန်ပျူတာနှင့်ဖြစ်စေ အလွယ်တကူသုံးနိုင်ပြီဖြစ်သည်။ Gemini AI ကို ကွန်ပျူတာသို့မဟုတ် ဖုန်း၏ Browser များဖြင့် အသုံးပြုရန်အတွက် Google Account ဝင်ထားပြီးသော Browser တွင် Gemini.google.com ဝက်ဘ်ဆိုက်လိပ်စာကိုရိုက်၍ ဝင်လိုက်ရုံဖြင့် မည်သည့် Account မှ ထပ်ဖွင့်ရန်မလိုတော့ဘဲ Gemini AI ကို သုံးနိုင်မည်ဖြစ်သည်။

ထို့အပြင် ဖုန်းများတွင် မိုဘိုင်းအက်ပလီကေးရှင်းဖြင့် အသုံးပြုလိုသူများအနေဖြင့်လည်း ပလေးစတိုးတွင် Google Gemini အက်ပလီကေးရှင်းကို ဒေါင်းလုပ်ဆွဲ၍ အကောင့်ထပ်ဖွင့်ရန်မလိုအပ်ဘဲ သုံးနိုင်မည်ဖြစ်သည်။ အက်ပလီကေးရှင်းကို မည်သည့်ဖုန်း၊ မည်သည့်အန်းဒရွိုက်ဗားရှင်းတွင်ဖြစ်စေ ပေါ့ပါးစွာသုံးနိုင်ရန် ထုတ်လုပ်ထားရာ အလယ်အလတ်တန်းဖုန်းများကိုသာ သုံးစွဲနိုင်မှုများသော မြန်မာနိုင်ငံသားများအတွက် ပို၍လွယ်ကူစွာ လက်လှမ်းမီစေမည့်အချက်ဖြစ်သည်။ ဒေါင်းလုပ်ဆွဲပြီး ချက်ချင်းအသုံးမပြုနိုင်ပါက ဖုန်းတွင်ထည့်ထားသော Google App ကို တစ်ကြိမ် အပ်ဒိတ်လုပ်ပေးလိုက်ရန်သာ လိုအပ်မည်ဖြစ်သည်။

**ဆယ်ကျော်သက်များအတွက် အထောက်အကူဖြစ်စေရန် ဒီဇိုင်းထုတ်ထား**

Gemini AI ကို အသက် ၁၃ နှစ်နှင့်အထက် မည်သူမဆို အသုံးပြုနိုင်ရန် ဆောင်ရွက်ထားကြောင်းလည်း ဂူဂဲလ်က ဩဂုတ် ၁ ရက် အပ်ဒိတ်တွင် ဖော်ပြထားသည်။ ဆယ်ကျော်သက်များအနေဖြင့် Gemini AI ကို ဘေးကင်းစွာ အသုံးပြုနိုင်ရန်အတွက် နောက်ထပ်မူဝါဒများနှင့် အကာအကွယ်များကို အပ်ဒိတ်တွင် ထည့်သွင်းမိတ်ဆက်ထားကြောင်း၊ ယခုအပ်ဒိတ်တွင် AI တတ်မြောက်မှု လမ်းညွှန်တစ်ခုလည်း ပါဝင်ပြီး ဆယ်ကျော်သက်များအတွက် အထောက်အကူဖြစ်စေရန် ဒီဇိုင်းထုတ်ထားကြောင်း၊ လူငယ်များ၏တီထွင်ဖန်တီးနိုင်စွမ်းကို လှုံ့ဆော်ပေးနိုင်ပြီး ဝါသနာပါသည့် ကိစ္စရပ်များကို စူးစမ်းလေ့လာရန် အားပေးနိုင်ကြောင်း၊ ကျောင်းဘာသာရပ်များကို နားလည်ခြင်းမှစ၍ တက္ကသိုလ်အတွက် ပြင်ဆင်ခြင်းကဲ့သို့သော ကိစ္စများအထိ Gemini AI က ဆယ်ကျော်သက်များအား ကူညီပေးနိုင်မည်ဖြစ်ကြောင်း အပ်ဒိတ်တွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် Gemini AI ကို အသုံးပြုခြင်းဖြင့် အချက်အလက်များ ရှာဖွေနိုင်ခြင်း၊ ရေးသားလိုသော အကြောင်းအရာများကို စာရေးခိုင်းနိုင်ခြင်း၊ အလွန်ရှည်သောစာများကို အစအဆုံးဖတ်ရန်မလိုဘဲ အကျဉ်းချုပ် အချက်အလက်ထုတ်ခိုင်းခြင်း၊ စာစီစာကုံးများနှင့် ကုန်ပစ္စည်းများအတွက် အွန်လိုင်းကြော်ငြာများ ရေးခိုင်းနိုင်ခြင်းနှင့် အကြံဉာဏ်ရယူနိုင်ခြင်း စသည်တို့ အပါအဝင် လုပ်ဆောင်ချက်များစွာကို AI အကူအညီဖြင့် အလွယ်တကူလုပ်ဆောင်နိုင်သည်။ မေးလိုက်သော မေးခွန်းများအတွက် အဖြေများကို စာဖြင့်သာမက မြန်မာစကားသံဖြင့်လည်း ဖတ်ပြခိုင်းနိုင်သည်။ သို့သော် အသံစနစ်တွင်မူ အဖြတ်အတောက် လေယူလေသိမ်း မှန်ကန်ခြင်းမရှိသေးပေ။

**Google Home နှင့် ချိတ်ဆက်ထား**

ဂူဂဲလ်အနေဖြင့် Gemini AI ကို ၎င်း၏ Google Home ခေါ် နည်းပညာရပ်ဝန်းနှင့်လည်း ချိတ်ဆက်ထားသည်။ Google Home ဆိုသည်မှာ အိမ်သုံးပစ္စည်းများကို အင်တာနက်နည်းပညာဖြင့် အဝေးမှခိုင်းစေနိုင်သည့် စနစ်ဖြစ်ပြီး မြန်မာနိုင်ငံမှ အသုံးပြုသူများအနေဖြင့် Google Home စနစ်နှင့် အကျွမ်းတဝင်မရှိသည့်တိုင် အန်းဒရွိုက်ဖုန်းများတွင် ပါဝင်သော Google Assistant ကိုမူ အသုံးပြုသူ များပြားသည်။ Gemini AI အက်ပလီကေးရှင်းကို ဖုန်းတွင် ထည့်သွင်းပြီးပါက Google Assistant နေရာတွင်ပါ အစားထိုး၍ သုံးနိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် လုပ်ဆောင်ချက်များကို ထပ်မံအဆင့်မြှင့်ပေးသွားမည်ဟုလည်း သိရသည်။

နည်းပညာကုမ္ပဏီကြီးဖြစ်သော ဂူဂဲလ်သည် AI နယ်ပယ်သို့ ၂၀၂၃ မတ်လက စတင်ဝင်ရောက်လာခဲ့ပြီး ထိုအချိန်က စတင်မိတ်ဆက်ခဲ့သော AI အမည်မှာ BARD ဖြစ်သည်။ မြန်မာနိုင်ငံမှ ဂူဂဲလ်အသုံးပြုသူများသည် ထိုအချိန်မှစ၍ BARD AI ကို စမ်းသုံးနိုင်ခဲ့သော်လည်း အင်္ဂလိပ်ဘာသာဖြင့်သာ အသုံးပြုခဲ့ရသည်။ ထို့နောက် BARD AI ကို ယခုနှစ် ဖေဖော်ဝါရီလအတွင်း Gemini ဟု အမည်ပြောင်းပြီးနောက် ယင်းနာမည်ဖြင့်ပင် အပ်ဒိတ်များ ဆက်တိုက်ပြုလုပ်ပေးလာခဲ့ရာ ယခု ဩဂုတ် ၁ ရက် အပ်ဒိတ်တွင်မူ မြန်မာဘာသာကို ရာနှုန်းပြည့်နီးပါး နားလည်၍ မြန်မာလို ပြန်လည်ဖြေကြားပေးနိုင်သည့် အဆင့်အထိ တိုးတက်လာခဲ့ခြင်း ဖြစ်သည်။

**သတင်းဆောင်းပါး – ကိုစိုး**

# ကွန်ပျူတာပညာရှင်အသင်းက ITPEC စာမေးပွဲအတွက် သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁၁**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ITPEC အသိအမှတ်ပြု စာမေးပွဲသုံးခုကို အောက်တိုဘာ ၂၇ ရက်တွင် စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါစာမေးပွဲသုံးခုအနက် FE စာမေးပွဲအတွက် အနီးကပ်သင်တန်းကိုလည်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ITPEC စာမေးပွဲများဖြစ်သည့် IT passport၊ Fundamental IT Engineer (FE)နှင့် Applied IT Engineer(AP) စာမေးပွဲသုံးခုတွင် ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် IT စိတ်ပါဝင်စားသည့် မည်သူမဆိုဝင်ရောက်ဖြေဆိုနိုင်ပြီး စာမေးပွဲကြေးများမှာ အခြေခံအဆင့်ဖြစ်သည့် IP စာမေးပွဲအတွက် ကျပ် ၆၀၀၀၀၊ အဆင့်မြင့်စာမေးပွဲများဖြစ်သည့် FE စာမေးပွဲအတွက် ကျပ် ၈၀၀၀၀ နှင့် AP စာမေးပွဲအတွက် ကျပ်တစ်သိန်းဖြစ်သည်။ စာမေးပွဲ သုံးခုလုံးကို အောက်တိုဘာ ၂၇ တစ်ရက်တည်းတွင် အချိန်များခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။

အနီးကပ်သင်တန်းဖွင့်လှစ်မည့် FE စာမေးပွဲအတွက် သင်တန်းကြေးကို ရန်ကုန်မြို့ MICT Park အတွင်းရှိ ကွန်ပျူတာပညာရှင်အသင်းရုံး၌ လည်းကောင်း၊ အွန်လိုင်းမှတစ်ဆင့် Zoom ဖြင့်လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကြေးမှာ အသင်းရုံး၌ဖွင့်သော သင်တန်းအတွက် ကျပ်တစ်သိန်းနှင့် အွန်လိုင်းသင်တန်းအတွက် ကျပ် ၈၀၀၀၀ ဖြစ်သည်။ သင်တန်းကာလမှာ စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၆ ရက်အထိ စနေ၊ တနင်္ဂနွေ ၁၀ ရက်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိဖြစ်သည်။

ITPEC စာမေးပွဲကြေးနှင့် သင်တန်းကြေးများကို Mobile Banking နှင့် QuickPay တို့မှ တစ်ဆင့် ငွေပေးသွင်းနိုင်ပြီး စာမေးပွဲဝင်ခွင့်ပုံစံနှင့် သင်တန်းတက်ရောက်ခွင့်ပုံစံများကို https://forms.gle/mzoUZwTqhUjesFYF8 လင့်ခ်တွင် ဖြည့်စွက်ပြီး ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုသည်များကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း ၀၁-၆၅၂၂၇၆၊ ၀၉-၅၀၆၇၁၆၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ကိုစိုး**

# ဆမ်ဆောင်းက အလယ်အလတ်တန်းဖုန်းနှစ်လုံးတွင် Galaxy AI အပ်ဒိတ် ထည့်သွင်းပေးမည်

**ရန်ကုန် ဩဂုတ် ၁၁**

ဆမ်ဆောင်းသည် ၎င်း၏ နောက်ဆုံးထွက် တန်ဖိုးမြင့်ဖုန်းများတွင်သာ Galaxy AI လုပ်ဆောင်ချက်များကို ပေးခဲ့ရာမှ ယခုအခါ မကြာမီက ထွက်ထားသည့် အလယ်အလတ်တန်းစားဖုန်းနှစ်မျိုးဖြစ်သော Galaxy A35 နှင့် A55 တို့အတွက်လည်း Galaxy AI အပ်ဒိတ်များ ထည့်သွင်းပေးတော့မည်ဖြစ်ကြောင်း သိရသည်။

ဆမ်ဆောင်းက Galaxy A55 နှင့် A35 တို့အတွက် ထုတ်ပေးသွားမည့် One UI 6.1.1 အပ်ဒိတ်တွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် Galaxy AI ကို ရရှိမည်ဖြစ်ကြောင်း ဩဂုတ် ၅ ရက်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ သို့ရာတွင် အဆိုပါအပ်ဒိတ်ပေးမည့်ရက် အတိအကျကိုမူ ဖော်ပြထားခြင်းမရှိသေးပေ။ ထို့အပြင် တစ်စိတ်တစ်ပိုင်းဟု ဖော်ပြချက်အရ တန်ဖိုးမြင့်ဖုန်းများတွင် သုံးနိုင်မည့် Galaxy AIနှင့် မည်သည့်ကွာခြားချက်မျိုးရှိမည်ကိုလည်း မသိရသေးပေ။ Galaxy A55 နှင့် A35 ဖုန်းများတွင် ဟာ့ဒ်ဝဲစွမ်းဆောင်ရည်ပိုင်းသည် တန်ဖိုးမြင့်ဖုန်းများလောက် မလုပ်နိုင်သဖြင့် AI လုပ်ဆောင်ချက်များတွင်လည်း တန်ဖိုးမြင့်ဖုန်းများဖြင့်သာလုပ်နိုင်မည့် အချို့လုပ်ဆောင်ချက်များကို ဖယ်ထားခဲ့မည်ဖြစ်သည်။ ထို့အပြင် ဆမ်ဆောင်း၏ Galaxy A ဖုန်းစီးရီးတွင် ယခုကြေညာသည့် ဖုန်းမော်ဒယ်နှစ်မျိုးအပြင် မည်သည့်ဖုန်းများက ထပ်မံအပ်ဒိတ်ရမည်ကိုလည်း ဖော်ပြထားခြင်းမရှိပေ။

ဆမ်ဆောင်းက ထုတ်လုပ်သောဖုန်းများတွင် Galaxy A စီးရီးဖုန်းများသည် Galaxy Note, Galaxy S နှင့် ခေါက်ဖုန်းများဖြစ်သော Galaxy Z စီးရီးများထက် တန်ဖိုးနိမ့်သော်လည်း မြန်မာနိုင်ငံမှ အသုံးပြုသူအများစုအတွက် တန်ဖိုးမြင့်ဖုန်းများဟုပင် သတ်မှတ်နိုင်ပြီး ဩဂုတ်လဆန်း ဈေးနှုန်းများအရ Galaxy A35 5G(8/256 GB)သည် တန်ဖိုး ကျပ် ၂၁ သိန်းကျော်၊ Galaxy A55 5G(8/256 GB)သည် တန်ဖိုး ကျပ် ၂၅ သိန်းနီးပါး ရှိနေသည်။

**ကျော်ဇင်ဦး၊ ကိုးကား–GSM Arena**

# ကာယပညာနှင့် အားကစား အခြေခံနည်းပြသင်တန်း အမှတ်စဉ် (၂၂) ဖွင့်လှစ်သင်ကြား

**လယ်ဝေး ဩဂုတ် ၁၁**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ဖွင့်လှစ်သည့် ကာယပညာနှင့် အားကစား အခြေခံ နည်းပြသင်တန်း အမှတ်စဉ် (၂၂) ကို လယ်ဝေးမြို့ အားကစား လေ့ကျင့်ရေးစခန်း အမှတ်(၂) ၌ ဇူလိုင် ၂၅ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ယခုသင်တန်းသည် ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူ ဖြစ်စေရန် ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ အရည်အသွေးရှိသော ကာယပညာ ဆရာ ဆရာမများ ပေါ်ထွက်လာပြီး ကျောင်းသားအားကစား လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်ကာ အရည်အသွေးရှိသော ကျောင်းသားအားကစား သမားများ ပေါ်ထွန်းလာစေရန်ဖြစ်ကြောင်း၊ လက်ရှိဖော်ဆောင်နေသည့်KG+12ကာယပညာသင်ရိုးကို ပေါက်မြောက်အောင် အကောင်အထည်ဖော်ရမည် ဖြစ်ကြောင်း၊ အားကစားနည်းအလိုက် သင်ကြားပို့ချပေးသည့် စာတွေ့ လက်တွေ့ သင်ခန်းစာများကို သေချာဂရုစိုက် လေ့လာမှတ်သားကြရန်လိုအပ်ကြောင်း အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုဌေးက ပြောကြားသည်။

အဆိုပါ သင်တန်းတွင် အားကစားနည်း ခုနစ်မျိုးကို သင်ကြားလျက်ရှိပြီး သင်တန်းသားသင်တန်းသူ ၄၀၀ တက်ရောက်ကာ စက်တင်ဘာ ၁၂ ရက်အထိ ဖြစ်ကြောင်း သိရသည်။



ဝေကြည်(မြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ပဥ္စမအကြိမ်ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၁၁ ရက်က စေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံ၌ ကျင်းပရာ စေတီတော်ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာ သွေးလှူရှင်ပြည်သူများက သွေးလှူဒါန်းစဉ်။ အာကာလင်း

# ပြည်မြို့၌ ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပြည် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲများကို စတင်ကျင်းပရာ ပြည်ခရိုင်အတွင်း မြို့နယ်များမှ အခြေခံပညာ အသက် (၁၀-၁၅) နှင့် အခြေခံပညာ (၁၅-၂၀)ပြိုင်ပွဲဝင်များ၊ ပြည်မြို့ရှိ တက္ကသိုလ်/ဒီဂရီကောလိပ် အသီးသီးမှ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲဝင်များနှင့် ဝါသနာရှင်ပထမအဆင့်နှင့် ဒုတိယအဆင့်ပြိုင်ပွဲဝင်များ အပါအဝင် စုစုပေါင်း ပြိုင်ပွဲဝင် ၂၅ ဦးတို့က (ခေတ်ဟောင်း/ကာလပေါ်)၊ (အမျိုးဂုဏ်/ဇာတိဂုဏ်) နှင့် (မဟာဂီတ)အဆိုပြိုင်ပွဲ၊ (ကဗျာလွတ်နှင့် တစ်ပင်တိုင်) အကပြိုင်ပွဲ၊ (မြန်မာ့ဆိုင်းဝိုင်း၊ မယ်ဒလင်၊ စန္ဒရားနှင့် ပလွေမှုတ်) အစရှိသည့် (အမျိုးသား/ အမျိုးသမီး) အဆို၊ အက၊ အတီး ပြိုင်ပွဲများတွင် သတ်မှတ်အဆင့်အလိုက် ပါဝင်ယှဉ်ပြိုင်ကြသည်။



အဆိုပါ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုအား နိုင်ငံကျော် တေးသံရှင် တက္ကသိုလ်(ဒေါ်)လဲ့လဲ့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အနုပညာရှင်၊ အတတ်ပညာရှင် ဒိုင်အဖွဲ့များက အကဲဖြတ်စိစစ် အမှတ်ပေးရွေးချယ်ကြပြီး ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတွင် ဆက်လက်အောင်မြင်မှုရရှိရေး အားပေးစကား ပြောကြားကြောင်း သိရသည်။

ကိုဆက်(မြန်/ဆက်)

# ကွန်ဟိန်းမြို့၌ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း (လီမိတက်)၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ကွန်ဟိန်း ဩဂုတ် ၁၁**

ဝန်ထမ်းများ၏ လူနေမှုဘဝအဆင်ပြေစေရန်အတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း(လီမိတက်)၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နမ့်ပန်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါအစည်းအဝေးတွင် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမ အသင်းဥက္ကဋ္ဌ ဒေါ်သောင်းသောင်းအေးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမင်းထွန်းက သမဝါယမ လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး အစီရင်ခံစာ တို့အပေါ် အသင်းသားများ၏ ဆန္ဒများရယူကာ အတည်ပြုကြေညာခြင်း၊ အသင်းသူအသင်းသား ၃၆၉ ဦးကို အစုပေါ်အမြတ်/စုဆောင်းပေါ်အတိုး ထုတ်ပေးငွေ ၁၇၉၈၆၇၁၃ ကျပ်ကို ထုတ်ပေးပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ကွန်ဟိန်းမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်ကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အသင်းသူအသင်းသား ၃၆၉ ဦးရှိကြောင်း သိရသည်။

ခွန်ရဲထွေး




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၈ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၂၀ ကျပ် | ၃၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၅ ကျပ် | ၂၉၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၄၀၀ | ၃၅၆၅၀၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၄၂၄၃ | ၁၄၆၈၉၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀ | ၁၈၀၀ | ၁၅၈ | ၂၇၇၁၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၅၀ | ၉၈၀၀၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၇၆၇ | ၃၀၉၅၂၀၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၂၃၉ | ၁၀၉၉၄၀၀ |
| MAEX | ၃၄၀၀ | ၃၄၀၀ | ၁၉၃ | ၆၅၆၂၀၀ |

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်းစုမြို့နယ်၊ ကပ ကျေးရွာအုပ်စု၊ ကဒဲ-ကတွဒ် ကျေးရွာနေ ဦးသန်းရွှေ၏ သား ဦးစိုးမင်းနှင့်ဦးဖိုးတွတ် ၆/ကစန(နိုင်)၀၄၅၆၉၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုးမင်း(ခ)ဦးဖိုးတွတ်**

## ဖခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ အထက (ကျွန်းစု)Grade-6 မှ မောင်ခန့်မျိုးအောင်၏ ဖခင် ဦးမျိုးသန်း၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးမျိုးသန့် ၆/ကစန(နိုင်) ၀၆၇၉၄၄ ဖြစ်ပါကြောင်း။

**ဦးမျိုးသန့်**

## အမည်ပြောင်း

ဦးတင်းစိုး၏ သမီး၊ မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မဒီလှိုင်း၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မနဒီလှိုင်း ဖြစ်ပါကြောင်း။

**မနဒီလှိုင်း**

## ဖခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ ပထက်ရွာ၊ အထက(ပထက်) Grade-1 မှ ဦးရဲကိုဦးနှင့် ဒေါ်သူဇာတို့၏ သမီး မယွန်းနဒီဦးအား မထက်နဒီနှင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်နဒီနှင်း**

## အမည်ပြောင်း

ဦးအောင်ကိုဦး၏ သား မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-9(H) မှ မောင်အာကာမင်းခန့် အား ယနေ့မှစ၍မောင်မင်းသူရိန်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းသူရိန်ဖြိုး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည်-(၁၇/စက်ရုံရွာမ)၊ ဦးပိုင်အမှတ်-(၁၇၃)၊ မြေဧရိယာ(၀.၁၁၅)ဧကရှိ မြေသည် သရက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်- Serial No. 038/94 အရ (၁၆-၈-၁၉၉၄) ရက်နေ့မှ (၁၅-၈-၂၀၂၄) ရက်နေ့အထိ ဦးအေးရွှေ အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးထားသောမြေဖြစ်ပြီး ယခုအခါ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ သက်တမ်းတိုးမြေငှားဂရန်ထုတ်ပေးနိုင်ပါရန် အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ (၅) ရပ်ကွက်၊ အမှတ်(၅၉၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ်-၅၉၁၊ ဧရိယာ (၁၈၀၀) စတုရန်းပေ၊ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အေးအေးစန်း ၈/ရနခ(နိုင်)၀၇၅၅၆၉ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက် ဖြစ်ပါသည်။ ယင်းအမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်၍ အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၏ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၄၉)**
**အမှတ် ၃B၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၁၁၈၇၅**

## ပျောက်ဆုံးကြောင်း

မယုဝါနွယ်(ဘ)ဦးမြလွင် ၇/ညလပ(နိုင်) ၂၄၃၂၃၀ ၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၇၅၁၁၆၅၇**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၁၆၇)နေ ဦးကျော်သီဟ၏သား မောင်ဝေယံထက် ၁/မညန(နိုင်)၁၃၈၄၂၆ အား ယနေ့မှစ၍ မောင်ဝေယံသက် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဝေယံသက်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ကျွန်မ မမြတ်ဖွန်မိုး၁၂/ဗဟန(နိုင်)၁၀၁၂၀၀ ၏ပတ်စ်ပို့နံပါတ်(MF858041)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၄၂၀၁၄၅၈၄၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ ချယ်ရီမြိုင်လမ်း၊ မြေကွက်အမှတ်(၇၉၀/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးသောင်းကြည် (MMN-၁၁၁၉၈၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဇင်မေလွင် (၁၂/ကမရ(နိုင်) ၀၅၁၄၆၈)ထံမှကျွန်ုပ်တို့၏ မိတ်ဆွေ ဦးကျော်မျိုးအောင် (၁၂/ဒဂမ (နိုင်) ၀၀၆၉၂၅) က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၅-၈-၂၀၂၄)ရက်နေ့မတိုင်မီ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၈၊ မြေကွက်အမှတ်- ၅၃၁၊ ဧရိယာ- ၀. ၀၅၅ ဧက (၄၀ ပေ × ၆၀ ပေ) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်တိုင်းတာခွဲစိတ်ရခြင်းမရှိသေးသော အနောက်ဘက်ခြမ်း (မြေရင်းဘက်ခြမ်း) မြေကွက်အမှတ်- ၅၂၉ နှင့်ကပ်လျက်ရှိသည့် ဧရိယာ- ၁၈ ပေ × ၆၀ ပေ ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၈) ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်- ၅၃၁ ဟုခေါ်တွင်သည့် မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်သူ ဦးမောင်မောင်ဆန်း (ခ) ဆန်းဦး (CH- ၀၀၀၅၉၆) ထံမှ ဝယ်ယူထားသူများထံမှတဆင့် မြေကွက်အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်များဖြင့် အပြီးအပိုင်ဝယ်ယူထား၍ တရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူများဖြစ်ကြသော ဦးစိုးနိုင်သူ (၁၂/အစန (နိုင်) ၁၇၃၉၅၁) နှင့် ဒေါ်အေးမြကြည်ဝင်း (၁၄/မအန (နိုင်) ၁၅၀၈၁၅) တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)

အမှတ်- ၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၈၈၉၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 မှ မောင်ထက်အာကာဦး၏ ဖခင် ဦးကျော်မျိုးဦး၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးကျော်မိုးနိုင် ၆/လလန(နိုင်)၁၄၆၆၀၆ ဖြစ်ပါကြောင်း။

**ဦးကျော်မိုးနိုင်**

## ဖခင်အမည်မှန်

ဦးမကွန်ဒါး၏သမီး၊ မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 မှ မအေးအေးမြတ်၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ မအေးမြတ်နိုင် ၆/မမန(နိုင်) ၀၀၀၇၄၉ ဖြစ်ပါကြောင်း။

**မအေးမြတ်နိုင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ.၂၊ ဦးပိုင်အမှတ်(၅၂/ခဲစင်း)၊ ၅၈x၅၉လမ်းကြား၊ မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းလှိုင် ၉/မနမ(နိုင်) ၀၈၈၄၆၃၏(GP ရရှိသူ ဦးသူရိန်လင်း)က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၇၇၆/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀/တောင်၊ မြေကွက်အမှတ်- ၁၄၅၂/ခ (တစ်နည်းအားဖြင့် သာကေတမြို့နယ်၊ ၁၀/တောင်(၁၃)ရပ်ကွက်၊ (၇)ဈေးလမ်းမ၊ အမှတ်-၁၄၅၂/ခ၊ အမည်ပေါက်ဦးလှဝေ ၎င်း၏တရားဝင်အမွေဆက်ခံခွင့်ရရှိသူ ၁။ ဦးခင်မောင်ရီ ၂။ဒေါ်အေးကြည်) မြေအကျယ်(၂၀x၆၀ပေ)မြေနှင့်မြေပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူဟု အဆိုပြုသူ ဒေါ်နီ(ခ)ဒေါ်မြင့်မြင့်ဝေ (၁၂/သကတ(နိုင်)၀၅၇၆၁၀)က ၎င်းတစ်ဦးတည်းသာလျှင် လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဦးကျော်လင်းဦး ၉/ညဥန(နိုင်)၁၆၆၃၄၇က သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲမြင့်အောင်(LL.B)(စဉ်-၄၁၇၀၃/၂၀၁၃) (အထက်တန်းရှေ့နေ)**
**ဒေါ်တင်ဇာမျိုး(LL.B) (စဉ်-၄၅၂၆၅/၂၀၁၄)(အထက်တန်းရှေ့နေ)**
**အမှတ်-၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၀၈၀၅၁၂ ၊ ၀၉-၇၃၁၆၇၈၁၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၉၀၊ ဦးပိုင်အမှတ် ၂/၂၈လမ်း၊ ၈၄x၈၅လမ်းကြားရှိ ဦးစန်းမြင့် အမည်ပေါက်ဘိုးဘမြေကွက်အား ဖခင်ဦးစန်းမြင့် ၊မိခင် ဒေါ်သင်း သင်းထွေး(ခ) မိုးစန္ဒာလင်းတို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်ဖြူသင်းခိုင် ၉/အမဇ(နိုင်) ၀၂၈၃၅၁၊ ဒေါ်ပန်းဖြူသင်း ၉/အမဇ(နိုင်) ၀၃၉၄၉၃၊ ဒေါ်နွယ်နီလှိုင် ၉/အမဇ(နိုင်) ၀၅၈၀၃၄၊ မောင်ဘုန်းမင်းခန့် ၉/အမဇ(နိုင်) ၀၈၆၄၉၄ တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် ၃၃၇၊ ဦးပိုင်အမှတ်(၅၅)၊စိန်ပန်းလမ်းနှင့်ဦးလာဘလမ်းကြား၊ ဂွန်းရုံဈေးနှင့် တာရိန်လမ်းကြားရှိ မဟန်၊ လှရွှေ၊ အုံးမောင်အမည်ပေါက် ဘိုးဘမြေကွက် အား မိခင် ဒေါ်ဟန်၊ ဦးလှရွှေ(လှပျိုကြီးဘ၀)ဖြင့်အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၅၄၃/၂၀၀၁)ဖြင့်အမွေဆက်ခံခဲ့သော ပူးတွဲအမည်ပေါက်သူ ဦးအုံးမောင်(ခ)အုန်းမောင် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၉၈/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်လှလှအေး ၁/မကန(နိုင်) ၀၃၀၀၀၈ က အမှုတွဲအမှတ် (၀၃၅၅/ဘ(ပြောင်း)၊ ၂၀၂၄-၂၀၂၅)ဖြင့်ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၈၂၊ ဦးပိုင်အမှတ် ၅၃-မ ခဲစင်း အလယ်ခြမ်း/၃၁လမ်း၊ ၈၀X၈၁ကြားရှိ ဦးလှမောင် အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးလှမောင်၊ မိခင် ဒေါ်တင်ကြည်တို့ကွယ်လွန်၍ သားသမီးများဖြစ်ကြသော ဒေါ်သန်းသန်းဦးတင်မြင့်၊ဒေါ်စန်းစန်း၊ဒေါ်နွဲ့နွဲ့အေး၊ ဦးသိန်းနိုင်တို့ ကျန်ရစ်ခဲ့ပြီး မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၇၇/၂၀၀၈၊ တရားမဇာရီမှုအမှတ် (၁၇၇/၂၀၁၁)အရ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုဖြင့် အနိုင်ဒီကရီရရှိခဲ့သော သားဖြစ်သူ ဦးတင်မြင့် ၅/စကန(နိုင်)၁၄၈၃၄၃ ကတရားရုံးအမိန့်၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြအမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီ ကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် ၃၄၇၊ ဦးပိုင်အမှတ်(၁၈-ဃ)၊ ၉၁လမ်း၊ ၃၈(A)လမ်းရှိ ဦးငြိမ်းမောင်(ဇနီး)ဒေါ်ဝင်း အမည်ပေါက် ဘိုးဘမြေကွက်အားဖခင် ဦးငြိမ်းမောင်၊ မိခင် ဒေါ်ဝင်းတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၇၅၄/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း ၉/မနတ(နိုင်)၀၅၅၆၃၆က အမှုတွဲအမှတ်(၀၃၅၇/ဘ(ပြောင်း) ၂၀၂၄-၂၀၂၅ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၃၊ ဦးပိုင်အမှတ် ၃-င/ ၇၁x၇၂ကြား၊ ၁၁၅x၁၁၆ကြားရှိ ဒေါ်လီကြည်လီ(ခ)လီလီ၊ ဒေါ်လီကြည်ရှင်(ခ)သီသီ၊ ဦးမောင်ခိုင်(ခ)ကြည်ရွှင်(ခ)မောင်မောင်ခိုင်၊ ဒေါ်မြင့်မြင့်ခိုင်(ခ)ဝင်းဝင်းအမည်ပေါက် ဂရန်မြေကွက်အား၊ ဒေါ်လီကြည်ရှင်(ခ)သီသီ (အပျိုဘ၀)ကွယ်လွန်၍ ကျန်ရစ်သူပူးတွဲ အမည်ပေါက်သည့် မောင်ယ်ညီမငယ်များဖြစ်ကြသော ဒေါ်လီကြည်လီ(ခ)လီလီ ၉/မရမ(နိုင်) ၀၅၃၆၇၄၊ဦးကြည်ရွှင်(ခ)မောင်မောင်ခိုင် ၉/မရမ(နိုင်) ၀၅၃၇၇၁၊ ဒေါ်မြင့်မြင့်ခိုင်(ခ)ဝင်းဝင်း ၉/မရမ(နိုင်)၀၄၆၀၃၇တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက် အမှတ် ၃၄၇၊ ဦးပိုင်အမှတ် ၁၈.င(ခဲစင်း)၊ ၉၁လမ်း၊ ၃၈(A)လမ်းရှိ ၊ ဦးငြိမ်းမောင် (ဇနီး) မဝင်းအမည်ပေါက် ဘိုးဘမြေကွက်အား၊ ဖခင် ဦးငြိမ်းမောင်၊ မိခင် ဒေါ်ဝင်းတို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၇၅၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော၊ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း ၉/မနတ(နိုင်) ၀၅၅၆၃၆က အမှုတွဲအမှတ်(၀၃၅၆/ဘခွဲ(ပြောင်း) ၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံ ကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် တ-၂၊ ဦးပိုင်အမှတ်(၈၅)၊ ၆၃X၆၄လမ်းကြား၊ ၁၀၂X၁၀၃လမ်းကြားရှိ ဒေါ်အေးလမ်းအမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးအိုက်ထွန်း၊ မိခင် ဒေါ်အေးလမ်း(ခ)ဒေါ်အေးလန်းတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၄၃၈၅/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ကြသော သား၊သမီးများဖြစ်ကြသည့် ဦးခင်မောင်မြင့် ၉/မရမ(နိုင်)၀၃၄၅၆၁(မိမိကိုယ်တိုင်)၊ ဦးမျိုးမြင့် ၉/မရမ(နိုင်) ၀၄၁၈၆၇၊ဦးနေဝင်းဦး ၉/ခအဇ(နိုင်)၁၀၀၉၅၅တို့၏(GPရရှိသူ ဦးခင်မောင်မြင့်)၊ ဒေါ်ခင်စန်းရီ ၉/မရမ(နိုင်) ၀၃၄၁၄၉(မိမိကိုယ်တိုင်)၊ဒေါ်အေးအေးမြင့် ၉/ခအဇ(နိုင်)၀၀၀၇၉၃၏ (GPရရှိသူ ဒေါ်ခင်စန်းရီ)တို့က အမှုတွဲအမှတ် (၂၇၇၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ် ဖ-၂၊ ဦးပိုင်အမှတ် ၅၂/ခဲစင်း၊ ၅၈x၅၉လမ်းကြား၊ မနော်ဟရီx နှင်းဆီလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းလှိုင် ၉/မနမ(နိုင်)၀၈၈၄၆၃)၏(GP ရရှိသူ ဦးသူရိန်လင်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၇၇၇/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ် တ-၅၊ဦးပိုင်အမှတ် (၇၂)၊ ၆၃x၆၄လမ်းကြား၊ ၁၀၃x၁၀၄လမ်းကြားရှိ ဦးအိုက်ထွန်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဖြစ်သူ ဦးအိုက်ထွန်း၊ မိခင်ဖြစ်သူ ဒေါ်အေးလမ်း(ခ)ဒေါ်အေးလန်းတို့အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၃၈၆/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ကြသောသား၊ သမီးများဖြစ်ကြသည့် ဦးခင်မောင်မြင့် ၉/မရမ(နိုင်) ၀၃၄၅၆၁(မိမိကိုယ်တိုင်)၊ ဦးမျိုးမြင့် ၉/မရမ(နိုင်) ၀၄၁၈၆၇၊ဦးနေဝင်းဦး ၉/ခအဇ(နိုင်) ၁၀၀၉၅၅တို့၏ (GP ရရှိသူ ဦးခင်မောင်မြင့်)ဒေါ်ခင်စန်းရီ ၉/မရမ(နိုင်) ၀၃၄၁၄၉(မိမိကိုယ်တိုင်)၊ ဒေါ်အေးအေးမြင့် ၉/ခအဇ(နိုင်) ၀၀၀၇၉၃၏ (GP ရရှိသူ ဒေါ်ခင်စန်းရီ) တို့က အမှုတွဲအမှတ် (၂၇၇၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ် ဂဂ.၁၊ ဦးပိုင်အမှတ်(၄)၊ ၅၉လမ်း၊ ၁၀၃x၁၀၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရင်နု၏(SP ရရှိသူ ဒေါ်သက်(ခ)ဒေါ်ခင်စန်းလွင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၇၇/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်ကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၆၈/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ဝေဝေအောင် ၉/ခအဇ(နိုင်) ၀၁၂၆၅က အမှုတွဲအမှတ် (၂၇၇၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ဦးသိန်းငွေထွေး၏ သမီး မော်လမြိုင်မြို့၊ အထက(၁၂) အထက Grade-9 မှ မအိချောပို၏ အမည်မှန်မှာ မရွှန်းသိင်္ဂီဖြိုး ဖြစ်ပါကြောင်း။

**မရွှန်းသိင်္ဂီဖြိုး**

## ဖခင်အမည်မှန်

ဒေးဒရဲမြို့ အထက(၂) Grade-12မှ မဇင်မာနှင်း၏ ဖခင်အမည်မှန် မှာ ဦးကျော်ဇေယျာမင်း ၁၄/ဒဒရ(နိုင်) ၁၃၁၃၃၈ ဖြစ်ပါကြောင်း။

**ဦးကျော်ဇေယျာမင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ထန်းပင်ရွာ အထက Grade-11 မှ မဖြိုးအိဝေ၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် ၉/ပဘန(နိုင်) ၀၀၁၁၇၁ ဖြစ်ပါကြောင်း။

**ဦးသိန်းနိုင်**

## ကြော်ငြာစာ

